# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၂၁၇) ၊ ၁၃၈၆ ခုနှစ် ၊ ဝါဆိုလဆန်း ၄ ရက် ၊ ၈-၇-၂၀၂၄ ၊ အင်္ဂါနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်တွင် မိန့်ခွန်းပြောကြားစဉ်။

## ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါ

## မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အစိမ်းရောင်ဖွံ့ဖြိုးရေး ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်တုန်းပြည်နယ် ချင်းတောင်မြို့ရှိ Qingdao International Conference Center ၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်မိန့်ခွန်းပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် Qingdao International Conference Center ရှိ Shanghe ခန်းမသို့ရောက်ရှိပြီး ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

စာမျက်နှာ ၃ သို့ ☆

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၈

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

## ယနေ့ ဖတ်စရာအညွှန်း


ပစ္စုပ္ပန်ကို ရှုမှတ်ခြင်းက အိပ်စက်ခြင်းကို အထောက်အပံ့ပြု
စာမျက်နှာ ၇

တောင်သမန် ဦးပိန်တံတားတွင် လာမည့်ရက်များတွင် လက်ရှိအင်းရေထက် ၅ ပေခန့် တိုးလာတော့မည်
စာမျက်နှာ ၁၃

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၉ ရက် ၊ အင်္ဂါနေ့ ။

မန္တလေး နေ့စဉ်

## ရေရရှိရေးနည်းလမ်းများ အလေးထား ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲရေလှောင်တမံကြီးများ၏ ကြံ့ခိုင်မှုရှိစေရေး၊ လုံခြုံစိတ်ချရမှုရှိစေရေးနှင့် ရေရှည်အကျိုးပြုနိုင်ရေးအတွက် လိုအပ်သော Dam Safety လုပ်ငန်းများအပြင် လက်ရှိနှင့် အနာဂတ်တွင် ကြုံတွေ့လာရမည့် စိန်ခေါ်မှုများ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ရေရှားပါးလာမှုကို တုံ့ပြန်ဖြေရှင်းနိုင်မည့် ရေရရှိရေးနည်းလမ်းများနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းအစီအစဉ်များ အပေါ်တွင်လည်း ဆက်လက်အလေးထားကူညီဆောင်ရွက်ပေးလျက်ရှိသည်။ မိမိတို့နိုင်ငံတွင် ရေချိုအရင်းအမြစ်များ ပေါကြွယ်ဝသော်လည်း စိုက်ပျိုးရေလိုအပ်ချက်နှင့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်မြင့်မားလာခြင်းတို့ကို စိန်ခေါ်မှုများအဖြစ် ကြုံတွေ့ရလျက်ရှိကြောင်း၊ ရာသီဥတုပြောင်းလဲလာမှု ဖြစ်စဉ်ကြောင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာပြီး မိုးခေါင်ခြင်း၊ မိုးနည်းခြင်း၊ လျှပ်တစ်ပြက်မိုးများခြင်းစသည့် အခြေအနေများသည် ရေလှောင်တမံကြီးများ၏ လုံခြုံစိတ်ချရမှုအပေါ် ခြိမ်းခြောက်မှုကဲ့သို့ရှုမြင်နိုင်ပါကြောင်း၊ လက်ရှိရာသီဥတုဖြစ်စဉ်များသည် ပိုမိုပြီးဆိုးရွားလာသည့် အနေအထားဖြစ်ပြီး ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကြောင့် သဘာဝရေအရင်းအမြစ်များ ထိခိုက်ပျက်စီးလာလျက်ရှိရာ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ရေရှားပါးမှုဒဏ်နှင့် ရေကြီးနစ်မြုပ်မှုဒဏ်များကိုခံစားခဲ့ရပြီး အထွက်နှုန်းလျော့နည်းခြင်း၊ သီးနှံပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်မှုနှင့်အတူ စားနပ်ရိက္ခာဖူလုံမှုအပေါ် သက်ရောက်မှုများ ဖြစ်ပေါ်စေလျက်ရှိကြောင်း စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ရန်ကင်းမြို့နယ်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ၏ ပဉ္စမအကြိမ်အထွေထွေညီလာခံတွင်ပြောကြားခဲ့သည်။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတည်ဆောက်ရေး (၉)မှ ဦးစီးမှူး ဒေါ်ဇာနည်မော်က "Climate Change Adaptation on Dam Safety" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချမ်းမြင့်သိန်းက "Managing the Utilization of Myit-nge River Basin Focused" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများဖတ်ကြားတင်သွင်းခဲ့သည်။

မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစတင်ပြီး ကော်မတီရည်ရွယ်ချက်များ ပြည့်ဝစွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ ရေလှောင်တမံကြီးများ၏ ကြံ့ခိုင်မှုရှိရေး၊ စိုက်ပျိုးရေရရှိရေးနည်းလမ်းများ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးစသည့် ကဏ္ဍများတွင် ရေရှည်လုံခြုံစိတ်ချရမှု၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများဖြစ်ပေါ်စေရန် တစ်တပ်တစ်အားအလေးထား ပါဝင်ကူညီဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## (၉၆)ကြိမ်မြောက် ဝိနယာဓိကစာမေးပွဲ ကျင်းပ၊ ရဟန်းသာမဏေ (၁၇၁)ပါး ဝင်ရောက်ဖြေဆို



**မန္တလေး ဇူလိုင် ၈**

မန္တလေးမြို့ မဏိရတနာရာမ မြတောင်ကျောင်းတိုက် နာယက စာချဆရာတော်များ ဦးစီးကျင်းပပြုလုပ်သော (၉၆) ကြိမ်မြောက် ဝိနယာဓိကစာမေး ပွဲကို ယနေ့ မွန်းတည့် ၁၂နာရီ တွင် မြတောင်တိုက် ရာပြည့်ဗိမာန်တော်၌ ကျင်းပပြုလုပ်သည်။

အဆိုပါ စာမေးပွဲကို တိုက်တွင်းမှ ပထမကျော်တန်း ၁ပါး၊ ရဟန်းတော်အကြီးတန်း ၇ပါး၊ သာမဏေအကြီးတန်း ၁ပါး၊ ရဟန်းတော်အလတ်တန်း ၂၃ ပါး၊ သာမဏေအလတ် ၁၀ပါး၊ ရဟန်းတော်အငယ်တန်း ၆၈ပါး၊ သာမဏေအငယ်တန်း ၆၁ပါး စုစုပေါင်း ၁၇၁ပါး ဝင်ရောက်ဖြေဆိုတော်မူကြသည်။ စာမေးပွဲဖြေဆိုရာသို့ ကျောက်ဆည်ကျောင်းဦးစီးနာယက ဆရာတော်ဘဒ္ဒန္တ စန္ဒောဘာသ ပဒေသာရွှေကျောင်းဆရာတော် နိုင်ငံတော်ဗဟိုဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသ၊ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ခေမာဝင်းကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂဓမ္မ အမှူးပြုသော နာယက စာချဆရာတော်များမှ အနီးကပ်ကြီးကြပ်တော်မူကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၅၁)

## သဘာဝဘေးအန္တရာယ် (ရေဘေးကာကွယ်ရေး) ဓာတ်တိုက်လေ့ကျင့်ဆောင်ရွက်

**ရေနံချောင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ သဘာဝဘေးအန္တရာယ်(ရေဘေးကာကွယ်ရေး)ဓာတ်တိုက် ပြုလုပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက ညောင်လှဆိပ်ကမ်း၌ ပြုလုပ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ရေနံချောင်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးကြည်စိုးဟန် ဦးစီး၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ ကြက်ခြေနီတပ်ဖွဲ့ဝင်တို့ဖြင့် ပူးပေါင်း၍ သဘာဝဘေးအန္တရာယ်(ရေဘေးကာကွယ်ရေး) ဓာတ်တိုက်ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်(ရေဘေးကာကွယ်ရေး) ဓာတ်တိုက်လေ့ကျင့်ရာတွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များမှ ကယ်ဆယ်ရေးစက်လှေဖြင့် စက်စွမ်းရည်သရုပ်ပြခြင်း၊ ရေနစ်နေသူအား Water rescue robot ရေပြင်ကယ်ဆယ်ရေး သုံးပစ္စည်းအသုံးပြု၍ အသက်ကယ်ဆယ်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ ပို့ဆောင်ပေးမှုသရုပ်ပြခြင်း၊ ရေနစ်နေသူအား စက်လှေအသုံးပြု၍ Life bouy အသက်ကယ်ကြိုးများဖြင့် ကယ်ဆယ်ခြင်းလုပ်ငန်းအား သရုပ်ပြခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပွားပေါ်ပေါက်ပါက ရေဝင်ရောက်သည့် နေအိမ်များရှိ သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ အသုံးအဆောင်ပစ္စည်းများအား ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးမှုအား သရုပ်ပြခြင်းကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားသို့ ရေနံချောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)





## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၆)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်း၏ (၁၆) ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဇူလိုင် ၆ ရက် နံနက် ၅ နာရီခွဲက ၆၈လမ်းနှင့် သိပ္ပံလမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဝက်သားဟင်း၊ ကုလား ပဲနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့် တစ်ထုပ်စီနှင့် နဝကမ္မငွေကျပ် ၁၀၀၀စီကို လောင်းလှူကြပြီး ငွေကျပ် ၉၀၀၀၀နှင့် သက်န်းဒွိစုံ ငါးစုံတို့ကို စာရေးတံမဲဖောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဇနီး ဒေါ်ယုယုဇော်၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ)

(၀၄၁)

၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက် ရှိသော သတင်းများအား **mdydailynews paper @ gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရ သည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

☆ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် ခင်းကျင်းပြသထားသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ နိုင်ငံ့ခေါင်းဆောင်များ ပြပွဲအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် Qingdao International Conference Center ရှိ Shanghe ခန်းမ၌ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

**တက်ရောက်**

စိမ်းလန်းသော ဖွံ့ဖြိုးမှုဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ပါကစ္စတန်နိုင်ငံနှင့် အီရန်နိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ လေ့လာသူနိုင်ငံများဖြစ်သည့် အာဖဂန်နစ္စတန်နိုင်ငံ၊ ဘယ်လာရုစ်နိုင်ငံနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်သည့် သီရိလင်္ကာနိုင်ငံ၊ တူရကီယဲနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ အဇာဘိုင်ဂျန်နိုင်ငံ၊ နီပေါနိုင်ငံ၊ အာမေးနီးယားနိုင်ငံ၊ အီဂျစ်နိုင်ငံ၊ ကာတာနိုင်ငံ၊ ဆော်ဒီအာရေဗျနိုင်ငံ၊ ကူဝိတ်နိုင်ငံ၊ မော်လ်ဒိုက်နိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် ဘာရိန်းနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့ နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Mrs. Shen Yueyue၊ အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံ့ကိုယ်စားလှယ်များက အမှာစကားပြောကြားကြသည်။

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသည့် ဖိုရမ်သို့ တရုတ် ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင် ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို လက်ခံရရှိသည့်အတွက် မိမိအနေဖြင့် များစွာ ဂုဏ်ယူပါကြောင်း၊ ယင်းသဝဏ်လွှာကို အခြေခံ၍ ယခုဖိုရမ်တွင် ဆွေးနွေးမှုများကို ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဦးစွာပြောကြားသည်။

ဆက်လက်၍ပြောကြားရာတွင် ယခုဖိုရမ်၏ ခေါင်းစဉ်သည် အလွန်အဓိပ္ပာယ်ပြည့်ဝပြီး မိမိတို့ကို သဘာဝတရားနှင့် ဟန်ချက်ညီစွာ နေထိုင်ရန်လိုအပ်နေပြီဆိုသည်ကို နှိုးဆော်ထားခြင်း ဖြစ်ကြောင်း၊ အဓိကအကြောင်းရင်းမှာ ရေ၊ လေ၊ မြေ၊ ဇီဝအဝန်းအဝိုင်းများနှင့် ဖွဲ့စည်းထားသည့် ကမ္ဘာမြေစနစ်နှင့် လူသားများသည် အပြန်အလှန် ဆက်နွယ်မှုရှိနေသည့်အတွက် လူသားများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေရေး ကာကွယ်ထိန်းသိမ်းပေးရမည်ကို မိမိတို့အလေးထားဂရုပြုကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖိုရမ်တွင် ဂေဟစနစ်ပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေး၊ စွမ်းအင်အသွင်ကူးပြောင်းရေး အတွက် တီထွင်ဆန်းသစ်ရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုအတွက် လူနေမှုစနစ် အသွင်ကူးပြောင်းရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးဆိုင်ရာများကို ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များက ဆွေးနွေးမည်ဖြစ်သည့်အတွက် ယနေ့ကျင်းပသည့်ဖိုရမ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်း ပလက်ဖောင်းတစ်ခု ဖြစ်ကြောင်း။

ကမ္ဘာနှင့်အဝန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို အားပေးမြှင့်တင်ရာတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုစံချိန်စံညွှန်းများသည် လွန်စွာအရေးပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းအဖွဲ့မှ ထုတ်ပြန်ထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုစနစ်များ၏ စံချိန်စံညွှန်း သတ်မှတ်ချက်များသည် နိုင်ငံများအတွက် ထိရောက်သည့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု တည်ထောင်နိုင်ရန်အတွက် အခြေခံအုတ်မြစ်အဖြစ် အထောက်အကူပြုပါကြောင်း။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

မိမိတို့ မြန်မာနိုင်ငံတွင်လည်း သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် တိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိမ်းရောင်ဖွံ့ဖြိုးရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရာတွင် သဘာဝအခြေခံ ဖြေရှင်းနည်းလမ်းများဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိသည်ကို ပြောလိုကြောင်း။

အစိမ်းရောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်ရန် ရည်ရွယ်၍ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ကဏ္ဍစုံမှ ဆက်စပ်ပတ်သက်သူများ၊ အာဆီယံနှင့် နိုင်ငံတကာ ပညာရှင်များဖြင့် "အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်" (Green Economy and Green Growth Forum)ကို ၂၀၁၁ ခုနှစ်မှစ၍ ခြောက်ကြိမ်အထိကျင်းပနိုင်ခဲ့သည့်အတွက် ဆွေးနွေးပွဲရလဒ်များသည် မြန်မာနိုင်ငံ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင် အစပျိုးချမှတ်နိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်ခဲ့ကြောင်း။

**ပြုစုရေးဆွဲထားပြီးဖြစ်**

မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်နိုင်ရန် အစိမ်းရောင် စီးပွားရေးမူဝါဒမူဘောင်ကို လက်ရှိမူဝါဒများနှင့် မဟာဗျူဟာများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု စီမံချက်များအပေါ်အခြေခံပြီး ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့် ဆွေးနွေးပြီး ပြုစုရေးဆွဲထားပြီးဖြစ်ကြောင်း။

အဆိုပါမူဝါဒမူဘောင်၏ ရေရှည်မျှော်မှန်းချက်သည် "သဘာဝသယံဇာတများကို ထိရောက်စွာအသုံးချသည့် ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်" ဖြစ်ကြောင်း၊ ယင်းမူဘောင်တွင် အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ အခြေခံမူလေးရပ်၊ ရည်ရွယ်ချက်လေးရပ် ချမှတ်ထားပြီး ဦးစားပေးကဏ္ဍ ၁၁ ရပ်တွင် အစိမ်းရောင်စီးပွားရေးရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် ပို့ဆောင်ရေးကဏ္ဍ၌ ရုပ်ကြွင်းလောင်စာသုံးယာဉ်များအသုံးပြုမှု လျှော့ချနိုင်ရေးအတွက် နိုင်ငံအတွင်းလျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လျှပ်စစ်သုံးယာဉ် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကိုပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ ယခုအခါ မူဝါဒပါ မျှော်မှန်းချက် (Vision)နှင့် ရည်မှန်းချက် (Mission)များနှင့်အညီ Electric Vehicle Development Action Plan ရေးဆွဲပြီး လုပ်ငန်းစဉ်များ၊ လမ်းညွှန်ချက်များ ချမှတ်၍ လျှပ်စစ်သုံးယာဉ် တင်သွင်းခြင်း၊ ထုတ်လုပ်အသုံးပြုခြင်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ရှည်လျားသည့် ကမ်းရိုးတန်းဒေသနှင့် ကျယ်ပြန့်သည့် အဏ္ဏဝါတို့ကို ပိုင်ဆိုင်ထားသော ပတ်ဝန်းကျင်အခြေခံကောင်းများ ရှိသည့်အတွက် အဏ္ဏဝါနှင့် ကမ်းရိုးတန်းအခြေပြု သယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့စွာ ထုတ်ယူသုံးစွဲနိုင်ရန် အပြာရောင်စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် ရရှိစေရေး အဓိကအခွင့်အလမ်းတစ်ခု အနေဖြင့် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ ဘက်စုံစီမံအုပ်ချုပ်ခြင်း အစီအစဉ်ကို ပြဋ္ဌာန်းပြီး ကဏ္ဍအလိုက်ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တစ်ဖက်က ရေရှည်တည်တံ့စွာ ထုတ်ယူမှုစီမံထားသကဲ့သို့ တစ်ဖက်တွင်လည်း ရေအောက်အဖိုးတန် သဘာဝ

စာမျက်နှာ ၄ သို့ ☆

○ **မြန်မာနိုင်ငံ၏ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုမြှင့်တင်နိုင်ရန် အစိမ်းရောင်စီးပွားရေး မူဝါဒမူဘောင်ကို လက်ရှိမူဝါဒများနှင့် မဟာဗျူဟာများဖြစ်သည့် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်နှင့် မြန်မာနိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုစီမံချက်များအပေါ်အခြေခံပြီး ကဏ္ဍအလိုက် ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဆက်စပ်ပတ်သက်သူများ၊ နိုင်ငံတကာပညာရှင်များနှင့် ဆွေးနွေးပြီး ပြုစုရေးဆွဲထားပြီးဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက်ခင်းကျင်းပြသထားသည့်ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

☆ စာမျက်နှာ ၃ မှ

ပတ်ဝန်းကျင်ထိန်းသိမ်းထားမှုနှင့်အတူ မြန်မာ့ပင်လယ်ပြင်၏ တောင်ပိုင်းတစ်လျှောက် ရေပေါ်ရေအောက် လှည့်လည်ကြည့်ရှုလေ့လာနိုင်ရေးကိုလည်း အစိမ်းရောင် ခရီးသွားမြှင့်တင်ရေးကဏ္ဍအဖြစ် စီမံဆောင်ရွက်ထားကြောင်းနှင့် လာရောက်လေ့လာနိုင်ပါကြောင်း။

### များစွာအရေးပါ

ထို့ပြင် သစ်တောနှင့် အခြားမြေအသုံးချမှုကဏ္ဍသည် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေး၊ လူနေမှုစနစ်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်း ရေရှည်တည်ငြိမ်ရေးအတွက် များစွာအရေးပါကြောင်း၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်သည့်အခါ မြေအသုံးချမှုကို စနစ်တကျ စီမံဆောင်ရွက်ရန် အလွန်အရေးကြီးကြောင်း။

သစ်တောပြုန်းတီးမှုလျှော့ချပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့ကို အထောက်အကူပြုရန်အတွက် သဘာဝထိန်းသိမ်းရေးနယ်မြေကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ၊ သစ်တောကြိုးဝိုင်းဧရိယာများကိုလည်း နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ အာဆီယံအမွေအနှစ်ဥယျာဉ်ရှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခုနစ်ခု၊ လူသားနှင့် ဇီဝအဝန်းနယ်မြေ နှစ်ခုအပါအဝင် သဘာဝထိန်းသိမ်းရေးနယ်မြေ ၅၉ ခု၊ အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းကွန်ရက် နယ်မြေရှစ်ခုနှင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေး အခြေပြုခရီးသွားလုပ်ငန်းစခန်း ၂၂ ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီး သဘာဝအခြေခံခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

အများပြည်သူအကြား သဘာဝ၏တန်ဖိုးကို ပိုမိုနားလည်လာစေရန် ရည်ရွယ်ပြီး မြန်မာ့သဘာဝထိန်းသိမ်းရေး နယ်မြေများကို UNESCO အသိအမှတ်ပြု လူသားနှင့် ဇီဝအဝန်းနယ်မြေများအဖြစ် အင်းတော်ကြီးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတို့ကို UNESCO ၏ စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်နိုင်ခဲ့ကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ခြင်း၊ သဘာဝထိန်းသိမ်းရေး နယ်မြေများတွင် ဇီဝမျိုးစုံမျိုးကွဲများအတွက်နေရင်းဒေသများပြန်လည်တည်ထောင်ခြင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သစ်တောအတန်းအစား ကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ကျခြင်းတို့ကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းနှင့် ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရန်အတွက် ပုဂ္ဂလိက သစ်တောစိုက်ခင်း တည်ထောင်ခြင်းတို့ကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း၊ ယခုနှစ် မိုးရာသီတွင်လည်း ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုဖြင့် အစိမ်းရောင်လှုပ်ရှားမှုအဖြစ် သစ်ပင် ၂၂ သန်း တည်ထောင်စိုက်ပျိုးလျက်ရှိကြောင်း။

၁၉၇၂ ခုနှစ် စတော့ဟုမ်း လူ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးကြေညာချက်၊ ၁၉၉၂ ခုနှစ် သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ Rio ကြေညာချက်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်-၂၁၊ ၁၉၉၂ ခုနှစ် ကုလသမဂ္ဂဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှု ဆိုင်ရာမူဘောင်ကွန်ဗင်းရှင်း၊ ၂၀၁၅ ပါရီသဘောတူညီချက်စသည့် နိုင်ငံတကာသဘောတူညီချက်များတွင် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

### အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ပါရီသဘာဝတူစာချုပ်ပါ ရည်မှန်းချက် အောင်မြင်ရေးအတွက် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ လုပ်ငန်းအစီအစဉ် (Nationally Determined Contributions-NDCs) အစီရင်ခံစာ၌ ကဏ္ဍအလိုက် ကာဗွန်ထုတ်လွှတ်မှု လျှော့ချရေး ရည်မှန်းချက်များချမှတ်ရာတွင် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ၊ လေ၊ ရေ အခြေပြုသည့် ပြန်ပြည့်မြဲစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်မှု တိုးမြှင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ကာဗွန်လျှော့ချခြင်း လုပ်ငန်းများဖြစ်သည့် သန့်ရှင်းသော ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ၊ ကာဗွန်ခရက်ဒစ် ပူးပေါင်းလုပ်ငန်းစဉ်များတွင် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ထုတ်သည့်လုပ်ငန်း၊ စွမ်းအားမြှင့်မီးဖိုဖြန့်ဝေခြင်းလုပ်ငန်း၊ ဒီရေတောစိုက်ခင်း တည်ထောင်ခြင်းနှင့် ထိန်းသိမ်းခြင်း စသည့် အစိမ်းရောင်ဖွံ့ဖြိုးမှု လုပ်ငန်းစီမံကိန်းများကို နိုင်ငံတကာနှင့် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟန်ချက်ညီညီဖြင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အစိမ်းရောင် စီးပွားရေးကို အထောက်အကူပြုနိုင်ရန်အတွက် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး အားပေးခြင်း၊ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စောင့်ကြည့်လေ့လာဆန်းစစ်ခြင်း လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးအတွက် ကာဗွန်ထုတ်လွှတ်မှုနည်းသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဆောင်ရွက်ရာတွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကို ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### လက်တွဲညီညီဆောင်ရွက်

ယနေ့ကမ္ဘာပေါ်တွင် မူလကရှိပြီး သဘာဝပတ်ဝန်းကျင် အလှတရားနှင့် ဂေဟစနစ်များကို ထိန်းသိမ်းရာတွင်ဖြစ်စေ၊ ထုတ်ယူသုံးစွဲဖျက်ဆီးရာတွင် ဖြစ်စေ ဆောင်ရွက်သူများသည် လူသားများပင် ဖြစ်ကြပါကြောင်း၊ ထို့ကြောင့် ယနေ့တက်ရောက်လာကြသည့် SCO အဖွဲ့ဝင်နိုင်ငံများအားလုံး၊ ဆွေးနွေးဖက်နှင့် လေ့လာကြသူနိုင်ငံများအားလုံးက ကမ္ဘာပေါ်တွင်ရှိသည့် အခြားသောနိုင်ငံများအားလုံး၏စံနမူနာပြအဖြစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပိုမိုတိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားများနှင့် သဘာဝပတ်ဝန်းကျင် လက်တွဲညီညီ ဆောင်ရွက်ကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

သို့ဖြစ်၍ အဖွဲ့ဝင်နိုင်ငံများအကြားတွင် အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ နည်းပညာများ မြှင့်တင်ရေးနှင့် ဖြန့်ဝေရေး၊ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်မှုအတွက် စာမျက်နှာ ၅ သို့ ☆




တရုတ်ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့်၏ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ အိမ်နီးချင်းကောင်း၊ မိတ်ဆွေဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကော်မရှင်ဥက္ကဋ္ဌ Mrs. Shen Yueyue စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❍ ယနေ့ကမ္ဘာပေါ်တွင် မူလကရှိပြီး သဘာဝပတ်ဝန်းကျင် အလှတရားနှင့် ဂေဟစနစ်များကို ထိန်းသိမ်းရာတွင် ဖြစ်စေ၊ ထုတ်ယူသုံးစွဲဖျက်ဆီးရာတွင်ဖြစ်စေ ဆောင်ရွက်သူများသည် လူသားများပင်ဖြစ်

❍ ယနေ့တက်ရောက်လာကြသည့် SCO အဖွဲ့ဝင်နိုင်ငံများအားလုံး၊ ဆွေးနွေးဖက်နှင့် လေ့လာကြသူနိုင်ငံများအားလုံးက ကမ္ဘာပေါ်တွင်ရှိသည့် အခြားသောနိုင်ငံများအားလုံး၏ စံနမူနာပြအဖြစ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ ပိုမိုတိုးတက်ကောင်းမွန်ပြီး ရေရှည်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားများနှင့် သဘာဝပတ်ဝန်းကျင် လက်တွဲညီညီ ဆောင်ရွက်ကြရန်လိုအပ်

☆ စာမျက်နှာ ၄ မှ

စွမ်းဆောင်ရည် မြှင့်တင်ရေး၊ ရန်ပုံငွေ စဉ်ဆက်မပြတ်ရရှိစေရေး၊ ပညာရေးနှင့် သုတေသနဖွံ့ဖြိုး တိုးတက်ရေး ကဏ္ဍများတွင် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့် ဆောင်ရွက်သွားကြရန် အကြံပြုပြောကြားလိုကြောင်း။

**အတည်ပြုရန်တိုက်တွန်း**

ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများအနေဖြင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအပေါ် ကတိကဝတ်များကို ထပ်လောင်း အတည်ပြုရန် တိုက်တွန်းလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၃ ခုနှစ်မှစတင်၍ SCO ဆွေးနွေးဖက် နိုင်ငံအဖြစ် ပါဝင်ခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်းနှင့် အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်ဆက်ဆံမှုများကို ပိုမိုခိုင်မြဲစေရန် ဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ပါကြောင်း၊ မိမိတို့၏ စုပေါင်းအင်အားများ၊ သယံဇာတများနှင့် ကျွမ်းကျင် ပညာရှင်များ၏ ပေါင်းစည်းမှုအင်အားဖြင့် စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် တည်တံ့ခိုင်မြဲသည့် အနာဂတ်ကိုအတူတကွဖော်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့၏ ဆောင်ရွက်ချက်များသည် အနာဂတ်မျိုးဆက်သစ်များအတွက် အရည်အသွေးပြည့်မီသည့် အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်သည်ကို မှတ်သားထားကြ ရမည်ဖြစ်ကြောင်း၊ လူသားနှင့် သဘာဝအကြား ဟန်ချက်ညီမှုရှိရန်ဆိုသည် မဖြစ်နိုင်သည့် အတွေးအမြင် တစ်ခု မဟုတ်ဘဲ လူသားများ၏ ရှင်သန်မှုနှင့် ကြွယ်ဝချမ်းသာမှုအတွက် လိုအပ်ချက် တစ်ခုပင်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်ဖြစ်မြောက်ရေးအတွက် အခမ်းအနားစီစဉ်သူများနှင့် တက်ရောက်လာသူအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်းနှင့် မိမိတို့အနေဖြင့် တူညီသောရည်မှန်းချက်များနှင့် ဖြေရှင်းမှုများအတွက် မဆုတ်မနစ်ဘဲ အတူတကွ ဆက်လက် ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဒေသတွင်း စိမ်းလန်းသောဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်ဆက်ဆံရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်သော အနာဂတ်ကို အတူတကွ မြှင့်တင်သွားရေး ဦးဆောင်ဦးရွက်ပြုမှု စီမံချက်ကို ထုတ်ပြန်ကြေညာသည်။

ယင်းနောက် ဆွေးနွေးပွဲများကို သတ်မှတ် ခေါင်းစဉ်အလိုက် ကျင်းပရာ ဆွေးနွေးဖက်နိုင်ငံများနှင့် လေ့လာသူနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပညာရှင်များ တက်ရောက်ပြီး နိုင်ငံအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးကြသည်။

အဆိုပါ ဆွေးနွေးပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးတို့ တက်ရောက် ဆွေးနွေးကြသည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းကို ၂၀၀၁ ခုနှစ် ဇွန် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့၌ ကာဇက်စတန်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ကာဂျီစတန် နိုင်ငံ၊ ရုရှားနိုင်ငံ၊ တာဂျစ်ကစ္စတန်နိုင်ငံနှင့် ဥဇဘက်ကစ္စတန်နိုင်ငံ စုစုပေါင်းခြောက်နိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၂ ခုနှစ် ဇွန်လတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပခဲ့သော SCO အဖွဲ့ဝင် နိုင်ငံအကြီးအကဲများ အစည်းအဝေးတွင် SCO ပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုး၍ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် စတင်အသက်ဝင်ခဲ့သည်။

SCO အဖွဲ့ကြီး၏ အဓိကရည်မှန်းချက်များသည် အဖွဲ့ဝင်နိုင်ငံများအကြား အိမ်နီးချင်းကောင်းစိတ်ဓာတ်နှင့် အပြန်အလှန် ယုံကြည်မှုပိုမိုခိုင်မာစေရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သုတေသန၊ နည်းပညာနှင့် ယဉ်ကျေးမှုတို့အပြင် ပညာရေး၊ စွမ်းအင်၊ ပို့ဆောင်ရေး၊ ခရီးသွားလုပ်ငန်း၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အခြားသောကဏ္ဍများတွင် ထိရောက်သော ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားရေး၊ ဒေသတွင်း လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးတို့ကို ထိန်းသိမ်းကာကွယ်ရန်အတွက် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီစနစ်ကို အခြေခံသည့် တရားမျှတသော နိုင်ငံတကာ နိုင်ငံရေးနှင့် စီးပွားရေး အခင်းအကျင်းတိုးမြှင့်ရေး၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေး မူဝါဒအရ SCO သည် မတူညီသည့် ယဉ်ကျေးမှုဓလေ့ကို အလေးထားရန်နှင့် ဘုံဖွံ့ဖြိုးတိုးတက်ရေး ဆန္ဒရှိမှုတို့အတွက် အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ တန်းတူညီမျှမှု၊ အပြန်အလှန်ညှိနှိုင်းမှုစသည့် စည်းမျဉ်း၊ စည်းကမ်းတို့ကို အခြေခံသည့် အဖွဲ့အစည်းတွင်း ဆိုင်ရာ မူဝါဒကို လိုက်နာကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက်ခင်းကျင်းပြသထားသည့် ပြခန်းများကို ကြည့်ရှုလေ့လာစဉ်။

# ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၈

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်းတစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၆၀ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေကျော်ခန့် (၉၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခွဲခန့် (၂၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေခွဲခန့် (၂၀၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေကျော်ခန့် (၂၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့် (၁၀၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ နန့်ကောင်းချောင်းရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါချောင်းရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။


သို့ဖြစ်ပါ၍ ဗန်းမော်မြို့နယ်၊ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင် မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်နှင့် မိုးကောင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၈

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ချင်းတောင်မြို့ရှိ ချင်းတောင် - SCO ပုလဲအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center)နှင့် China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဆိပ်ကမ်း စီမံကိန်း (China Transfer (SCO) International Logistic Port Project) များသို့ သွားရောက် ကြည့်ရှုလေ့လာကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့ရှိ ချင်းတောင် – SCO ပုလဲအပြည်ပြည်ဆိုင်ရာကုန်စည်ပြပွဲစင်တာတွင် ကြည့်ရှုလေ့လာစဉ်။

## ကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်-SCO ပုလဲအပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center)သို့ ရောက်ရှိရာ စင်တာမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးဇုန် တရုတ်ကွန်မြူနစ်ပါတီ လုပ်ငန်းကော်မတီအဖွဲ့ဝင် မစ္စ ဖူကျုံဟွနှင့် တာဝန်ရှိသူများက စင်တာဆိုင်ရာ အချက်အလက်များ၊ ဈေးကွက်ဗဟိုပြုစနစ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်လည်ပတ်နေမှု၊ SCO အဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပြပွဲနေရာများ ထောက်ပံ့ခြင်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

## စနစ်များစွာပါဝင်

SCO သရုပ်ဖော်ပြသပွဲဇုန်၏ အထင်ကရဖြစ်သည့် ချင်းတောင်- SCO ပုလဲ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲစင်တာ (Pearl of SCO International Expo Center) စီမံကိန်းကို ၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် စတင် အကောင်အထည်ဖော်ခဲ့ပြီး အဆောက်အအုံ ဧရိယာသည် ၁၆၈၀၀၀ စတုရန်းမီတာ ကျယ်ဝန်း၍ လုပ်ငန်းများစွာ ဆောင်ရွက်နိုင်သော စနစ်များစွာ ပါဝင်သည်။ ၎င်းသည် ဈေးကွက် ဗဟိုပြုစနစ်ဖြင့် ရင်းနှီးမြှုပ်နှံ၍ တည်ဆောက်လည်ပတ်လျက်ရှိပြီး ပြခန်း ညီလာခံများ၊ ပညာရေးနှင့် လေ့လာသင်ကြားမှုများ၊ ခရီးသွားလာမှုနှင့် လှည့်လည်ကြည့်ရှုခြင်းများ၊ ကုန်စည်ပြပွဲနှင့် ရောင်းချမှုများ၊ ယဉ်ကျေးမှု ဖလှယ်ခြင်းနှင့် စီးပွားရေး ဝန်ဆောင်မှုများ စသည်တို့ကို ပေါင်းစပ် ဆောင်ရွက်ပေးခြင်း၊ SCO အဖွဲ့ဝင် တစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှု၊ စီးပွားရေးနှင့် ကုန်သွယ်ရေး ပြပွဲနေရာများ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ပေးသည်။ SCO စက်မှုလုပ်ငန်းနှင့် ထောက်ပံ့ရေး ကွင်းဆက်ဖိုရမ်၊ SCO အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး ကုန်စည်ပြပွဲကဲ့သို့သော ဘက်ပေါင်းစုံ နှစ်နိုင်ငံအကြား စီးပွားရေးနှင့် ကုန်သွယ်ရေး ဖလှယ်မှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ အောင်မြင်မှုပြယုဂ်တစ်ရပ်ဖြစ်သည့် China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်း စီမံကိန်း (China Transfer (SCO) International Logistic Port Project)သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးဇုန် အုပ်ချုပ်ရေးအဖွဲ့ အထွေထွေရေးရာ ဒုတိယညွှန်ကြားရေးမှူး မစ္စတာရွဲကြားပင်က စီမံကိန်းအတွင်း ရင်းနှီးမြှုပ်နှံထားရှိမှု၊ ဝန်ဆောင်မှုကို ဦးတည်သော ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်နေမှု၊ ဝန်ဆောင်မှုစကြီးကို အွန်လိုင်းနှင့် အော့ဖ်လိုင်းစနစ်ဖြင့် ဖန်တီးဆောင်ရွက်ရန် ပြီးပြည့်စုံသော ဝန်ဆောင်မှုဌာနချုပ်ကို တည်ထောင်ခဲ့မှုနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး ပြသထားသည့် SCO အဖွဲ့ဝင်နိုင်ငံများ၏ ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုလေ့လာသည်။

## ရင်းနှီးမြှုပ်နှံမှုယွမ် ၁၀ ဘီလီယံရှိ

အဆိုပါ China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေး ဆိပ်ကမ်းစီမံကိန်းတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုယွမ် ၁၀ ဘီလီယံရှိပြီး ဧရိယာမှာ ၁၃၄၃ ဧက၊ အဆောက်အအုံ အကျယ်အဝန်းမှာ ၉၈၉၀၀၀ စတုရန်းမီတာရှိပြီး အဓိကအားဖြင့် သတင်းအချက်အလက် ကုန်သွယ်မှုစင်တာ၊ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးစင်တာ၊ မော်တော်ယာဉ် အရင်းအမြစ်စင်တာ၊ သိုလှောင်ရုံနှင့် ဖြန့်ဖြူးရေးစင်တာ၊ ယာဉ်ဝန်ဆောင်မှုစင်တာ၊ ထရပ်ကားပြသမှု စင်တာနှင့် စီးပွားရေး ဝန်ဆောင်မှုစင်တာ စသည့် ထောက်ပံ့ပို့ဆောင်ရေး လုပ်ငန်းခုနစ်ခုကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့ရှိ China Transfer (SCO) အပြည်ပြည်ဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးဆိပ်ကမ်း စီမံကိန်းတွင် ကြည့်ရှုလေ့လာစဉ်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Xiao Zhan က ပြင်သစ်သို့ မိဘနှစ်ပါးနှင့် အတူ သွားခဲ့

တရုတ်အနုပညာရှင် ရှောင်ကျန့်သည် အင်တာဗျူးတစ်ခုတွင် မိဘများကို ပြင်သစ်ပို့ပေးချင်သည်ဟု ပြောခဲ့သည်။ ဆန္ဒအတိုင်းပြည့်ဝခဲ့ကာ မိဘနှစ်ပါးနှင့်အတူ ပြင်သစ်သို့ ရောက်ရှိနေသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရှောင်ကျန့်ကို ပြင်သစ်၌ Vor sailles place တွင် တန်းစီနေသည်ကို ပရိသတ်များတွေ့ခဲ့ကြပြီး ဘေးမှ မိန်းမကို မန်နေဂျာဟု ထင်ရာမှ မိခင်ဖြစ်နေသည်ဟု သိခဲ့ကြရသည်။

ရှောင်ကျန့်က အဖေများနေ့တွင် တင်ထားသောသူ၏ အကောင့်မှ ဓာတ်ပုံများတွင် မိသားစုသုံးဦးပုံများ မြင်တွေ့ကြရမှ မိခင်နှင့်ဖခင်ပါ ပြင်သစ်ရောက်ရှိနေကြပြီး လည်ပတ်နေကြသည်ကို တွေ့ရသည်။

အလုပ်တာဝန်တစ်ဖက်နှင့် မိဘနှစ်ပါးကိုအပါခေါ်၍ ပြင်သစ်သို့ သွားခဲ့သော ရှောင်ကျန့်ကို သားလိမ္မာလေးအဖြစ် ပရိသတ်များက မှတ်ချက်ပေးထားကြသည်။ (SKY)



## V@ Kim Haehyung ကို Fatheryung ဟု ခေါ်ရသည့်အကြောင်းရင်း

တောင်ကိုရီးယား၏ Gallup Korea ပရောဂျက် ငါးနှစ်တစ်ကြိမ် ကေပေါ့ပ်လောကမှ အကြိုက်ဆုံးအဆိုတော်ကို စစ်တမ်းကောက်ယူခဲ့ရာ လူငယ်များကြား ဗွီ(ခေါ်)ကင်ထယ်ယောင်းကို Fatheryung အဖြစ် မဲပေးထားကြသည်ဟု အောကေပေါ့ပ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စစ်တမ်းကို ၂၀၁၉ မှ ၂၀၂၄ ခုနှစ် ငါးနှစ်တာအတွင်း အသက် ၁၃ နှစ်မှ ၁၈ နှစ်အရွယ် ဆယ်ကျော်သက်များကို အကြိုက်ဆုံးအဆိုတော်စာရင်း စစ်တမ်းကောက်ယူခဲ့ရာ ဗွီ(ခေါ်)ကင်ထယ်ယောင်းကို နံပါတ်ငါးနေရာတွင် တွေ့ရသည်။

ထူးခြားချက်မှာ မိမိရူးသွပ်စွာ ကြိုက်နှစ်သက်သည့် အဆိုတော်ကို တစ်ကြိမ်သာ မဲပေးခွင့်ရကာ ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်မှ ဧပြီလ ၅ ရက်အထိ ကောက်ယူခဲ့သည့် စာရင်းဖြစ်သည်။

ထိပ်ဆုံးငါးဦးစာရင်းတွင် ဘီတီအက်စ်အဖွဲ့၊ အိုင်ယူ၊ နယူးဂျင်း၊ ဘလက်ပင့်ခ်နှင့် ဗွီ(ခေါ်)ကင်ထယ်ယောင်းတို့ စာရင်းဝင်ခဲ့ကြကာ Fatheryung အဖြစ် ဆယ်ကျော်သက်များက ဗွီ၏ သင်တန်းသားဘဝကို အားကျနေကြသည်။ (SKY)






## No More Bets

## တရုတ်ရုပ်ရှင်ကား အွန်လိုင်းငွေကြေးလိမ်လည်မှုအကြောင်း ရိုက်ထား

ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် ရုံတင်ပြသနေသည့် ရုပ်ရှင်တွင် ကျန်းရီရှင်း ပါဝင်ထားပြီး အွန်လိုင်း ငွေကြေးလိမ်လည်မှု ဖြစ်ရပ်မှန်အကြောင်းဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

တရုတ်ပြည်တွင်း China Box Office တွင် ထိပ်ဆုံးနေရာ ရောက်ရှိနေသော အဆိုပါ ရုပ်ရှင်တွင် ဖြစ်ရပ်မှန်မှုခင်းဇာတ်ကားဖြစ်ပြီး လောဘကြောင့် လူကုန်ကူးခံရကာ အွန်လိုင်းငွေကြေး လိမ်လည်မှုလုပ်ငန်းတွင် ခိုင်းစေခံဘဝ ရောက်ရှိခဲ့ပုံကို ရိုက်ကူးထားသည်။

ယင်းရုပ်ရှင်တွင် ကျန်းရီရှင်း၊ ကျင်းချန်၊ အဲလစ်ဆေါင်နှင့် ယောင်မီတို့ အဓိကပါဝင်ထားပြီး ဇာတ်ပို့ ဇာတ်ရံများစွာ အားဖြည့်ပါဝင်ထားပြီး အောင်မြင်မှုရရှိထားသော ရုပ်ရှင်ဖြစ်သည်။

လက်ရှိ တရုတ်အနုပညာလောကတွင် အောင်ပွဲခံနေသော ရုပ်ရှင်အဖြစ် ရပ်တည်နေသည်။ (SKY)



## ပစ္စုပ္ပန်ကိုရှုမှတ်ခြင်းက အိပ်စက်ခြင်းကို အထောက်အပံ့ပြု

ပစ္စုပ္ပန်တည့်တည့်ကိုရှုမှတ်ခြင်းက အိပ်စက်ခြင်းကိုကောင်းစွာ အထောက်အပံ့ပြုကြောင်း အမေရိကန်ပြည်ထောင်စု တောင်ဖလော်ရီဒါတက္ကသိုလ်မှ သုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့ကြသည်။

အဆိုပါတက္ကသိုလ်မှ စိတ်ပညာလက်ထောက်ပါမောက္ခ ကလယ်စမစ်ဦးဆောင်သော သုတေသီများသည် စိတ်ဖိစီးမှုများသည့် လုပ်ငန်းအသီးသီးရှိ ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အခြေအနေနှင့်ပတ်သက်၍ အလေးထားလေ့လာရာမှ ပစ္စုပ္ပန်ကို ရှုမှတ်ခြင်းသည် စိတ်ဖိစီးမှုကိုပြေလျော့စေနိုင်သည့်အပြင် အိပ်စက်ခြင်းကိုပါ အထောက်အပံ့ပြုကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

ပစ္စုပ္ပန်ကို ရှုမှတ်ခြင်းအလေ့အကျင့်သည် လုပ်ငန်းခွင်တွင် သာမက နေ့စဉ်ဘဝတွင်လည်း အကျိုးသက်ရောက်မှုရှိရာမှ ကောင်းစွာအိပ်စက်ခွင့်ရသောဝန်ထမ်းများ၏ စိတ်ဖိစီးမှုပြေလျော့သွားခြင်းဖြစ်နိုင်ကြောင်း ကလယ်စမစ်ကသုံးသပ်သည်။ SCI




## Love Aajkal မှာ ၁၉၉၀ နှင့် ၂၀၂၀ ပြည့်နှစ်ကြား လူငယ်တို့၏ အချစ်ကို ပုံဖော်ထား

ဘောလီဝုဒ်တွင် ကိုယ်ပိုင်ဟန်တစ်ခု တည်ထောင်ထားနိုင်သည့် အချစ်ဇာတ်ကားရိုက်ကူးထားသည်ဟု ဘောလီဝုဒ်အာဗီတ်တွင် ဖော်ပြသည်။

အဆိုပါ အချစ်ဇာတ်လမ်းတွင် ၁၉၉၀ ခုနှစ်မှ လူငယ်တစ်ယောက်၏ အချစ်ဇာတ်လမ်းနှင့် ၂၀၂၀ ပြည့်နှစ် လူငယ်တစ်ယောက်၏ အချစ်ဇာတ်လမ်းနှစ်ပုဒ်ကို စိတ်ဝင်စားဖွယ်အကြောင်းအရာများနှင့် ချိတ်ဆက်ပြသွားခဲ့သည်။

အချစ်နှင့် အလုပ်ကြား ပြဿနာများ၊ မိသားစုအခက်အခဲနှင့် ပတ်ဝန်းကျင် ရိုက်ခတ်မှုများ၊ ရိုးရာဓလေ့များစသည့် အခြေအနေပေါင်းများစွာကို ဖြတ်ကျော်ခဲ့သည့် အချစ်ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပြီး ကာဆစ်အာရမ်းနှင့် ဆာရာအလီခန်တို့ အဓိကပါဝင် သရုပ်ဆောင်ထားပြီး ပရိသတ်အားပေးမှုများစွာ ရရှိထားသည်။ (SKY)



## Anton Chigurh ကို No Country For Old Men တွင် ဆိုက်ကို ဇာတ်ရုပ်နှင့်တူသည်ဟု ဆုံးဖြတ်

ဟောလီဝုဒ်ရုပ်ရှင် No Country For Old Men ထဲမှ အန်တန်ချီဂါရ်ကို စိတ်ဖောက်ပြန်သူဇာတ်ရုပ်နှင့်တူသည်ဟု စိတ်ရောဂါကုဆရာဝန်များက ဆုံးဖြတ်ပေးခဲ့ကြသည်ဟု ဟောလီဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စိတ်ရောဂါကု ဆရာဝန်များက ရုပ်ရှင်ကားပေါင်းလေးရာကျော်နှင့် ရုပ်ရှင်များထဲမှ Psychopath သရုပ်ဆောင်ကို ရွေးချယ်ခဲ့ကြရာ No Country For Old Men မှ အန်တန်ချီဂါရမှာ အတူဆုံး ဇာတ်ရုပ်ဟု ရွေးချယ်ဆုံးဖြတ်ပေးခဲ့ကြသည်။

အဆိုပါ ရုပ်ရှင်ကားများထဲမှ ဆိုက်ကို ဇာတ်ရုပ်ကို ရွေးချယ်ခဲ့ကြရာတွင် သရုပ်ဆောင်ပေါင်း ၁၂၆ ယောက်ကို လေ့လာပြီးမှ အတူဆုံးကို ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

သာမန်လူထက် ထူးခြားကာ စိတ်ဖောက်ပြန်နေသော ဇာတ်ရုပ်ကို သရုပ်ဆောင်ရာတွင် ဆိုက်ကိုဇာတ်ရုပ်နှင့်အတူဆုံးမှာ အန်တန်ချီဂါရ ဖြစ်ခဲ့သည်။ (SKY)

## Walei က 2025 Spring/Summer Series Black Sparking Diamond နှင့် ပွဲတက်လာ

တရုတ်အနုပညာရှင် ဝူလိန်သည် Shanghai International Film Festival ပွဲတော်သို့ Spring Summer Series Black Sparking Diamond ဝတ်စုံနှင့် ပွဲတက် ရောက်လာခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၆ ကြိမ်မြောက် ရှန်ဟဲနိုင်ငံတကာ ရုပ်ရှင်ပွဲတော်သို့ တရုတ်အနုပညာရှင်များစွာ တက်ရောက်ခဲ့ကြရာ ဝူလိန်က နွေဦး၊ နွေစီးရီးထုတ် အနက်ရောင် ဝတ်စုံနှင့် ခန့်ညားချောမောနေကာ ပွဲတက်ရောက်ခဲ့သည်။

အဆိုပါပွဲသို့ မင်းသမီး ဝမ်ကျီး၊ မင်းသား ဝမ်ရွှန်ကျိန် တို့လည်း ဖက်ရှင်စတိုင်လ်အသစ်များနှင့် တက်ရောက်ခဲ့ကြ၍ ပရိသတ်စိတ်ဝင်စားမှုခံခဲ့ရသည်။ (SKY)



# တိုကျိုမြို့တော်အုပ်ချုပ်ရေးမှူး ယုရီကော့ကောအိကဲ တတိယသက်တမ်းအတွက် ထပ်မံရွေးကောက်ခံရ



**တိုကျို ဇူလိုင် ၈**

ဂျပန်နိုင်ငံ တိုကျိုမြို့တော်၏ အမျိုးသမီးအုပ်ချုပ်ရေးမှူး ယုရီကော့ကောအိကဲ တတိယသက်တမ်းအတွက် ဇူလိုင် ၇ ရက်က ထပ်မံရွေးကောက်ခံရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

မြို့အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲတွင် အသက် ၇၁ နှစ်အရွယ် ယုရီကော့ကောအိကဲ ထပ်မံပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့ရာ ထောက်ခံမဲအရေအတွက် ၂ ဒသမ ၉ သန်းကျော်၊ ရာခိုင်နှုန်းအားဖြင့် ၄၂ ဒသမ ၈ ရာခိုင်နှုန်း ရရှိကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

၎င်းသည် ၂၀၁၆ ခုနှစ်တွင် တိုကျိုမြို့တော်၏ ပထမဆုံး အမျိုးသမီးအုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ဒုတိယသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်အရွေးခံရာတွင်လည်း အနိုင်ရခဲ့ပြန်သည်။

၁၉၉၀ ပြည့်လွန်နှစ်များက ရုပ်မြင်သံကြားစီစဉ်တင်ဆက်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ယုရီကော့ကောအိကဲသည် တတိယမြောက် အုပ်ချုပ်ရေးမှူးရွေးကောက်ပွဲတွင် တစ်သီးပုဂ္ဂလအဖြစ် စာရင်းသွင်းခဲ့သော်လည်း အာဏာရ အယ်လ်ဒီပီပါတီက ၎င်းကို အားပေးထောက်ခံခဲ့ကြောင်း သိရသည်။

Mon

ဇူလိုင် ၈ ရက်တွင် နှစ်နိုင်ငံကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် ချုပ်ဆိုရန် တိုကျိုမြို့တော်သို့ ရောက်ရှိလာသည့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာကို ဂျပန်ဝန်ကြီးချုပ် ဖုမိအောကိရှိဒ ကြိုဆိုနှုတ်ခွန်းဆက်နေစဉ်။

Mon



# ပြင်သစ်ပါလီမန်ရွေးကောက်ပွဲ ဒုတိယအကျော့တွင် မာရင်းလီပင်း၏ပါတီ မဲအပြတ်အသတ်ဖြင့် အနိုင်မရ

**ပဲရစ် ဇူလိုင် ၈**

၂၀၂၄ ခုနှစ် ကြားဖြတ်ပြင်သစ်ပါလီမန်ရွေးကောက်ပွဲ ဒုတိယအကျော့တွင် လက်ယာဝါဒီ မာရင်းလီပင်း၏ အမျိုးသားပါတီ မဲအပြတ်အသတ်ဖြင့် အနိုင်မရခဲ့ဘဲ လက်ဝဲဝါဒီ အင်န်အက်ဖ်ပီပါတီ အနိုင်ရခဲ့သည်။

လက်ဝဲပါတီဘက်မှ ထောက်ခံအားပေးသော မဲဆန္ဒရှင်များ ဇူလိုင် ၇ ရက်တွင် လမ်းများပေါ်သို့ ထွက်ပြီး စည်းလွတ်ဝါးလွတ် အောင်ပွဲခံခဲ့ကြသည်။

အင်န်အက်ဖ်ပီပါတီ အနိုင်ရခဲ့သည်ဆိုသော်လည်း ထောက်ခံမဲပမာဏ အပြတ်အသတ်ကွာခြားပြီးမှ အနိုင်ရခြင်းမဟုတ်သဖြင့် ပါလီမန်နှင့် အစိုးရအဖွဲ့တွင် လက်ဝဲ၊ လက်ယာနှင့် အလယ်အလတ် နိုင်ငံရေးအင်အားစု သုံးရပ်စလုံးကို ညှိနှိုင်းပေါင်းသဖွယ် ဆက်လက်မြင်တွေ့ကြရမည်ဟု ဆိုသည်။

အာဏာရ အလယ်အလတ်ဝါဒီ သမ္မတ အီမန်နျူယယ်မာခရွန်က လက်ရှိရာထူးတာဝန် ဆက်လက်ထမ်းဆောင်မည်ဟု ကြိုတင်ထုတ်ဖော်ကြေညာထားသော်လည်း ဝန်ကြီးချုပ် ဂါဘရီယဲလ်အတ်တားလ်က ဤမဲရလဒ် ပေါ်ထွက်လာပြီးနောက် နုတ်ထွက်တော့မည်ဟု ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

Mon

0-0-0-0-0



# နပိုလီယံဘိုနာပတ်၏ သမိုင်းဝင် ပစ္စတိုနှစ်လက် ယူရို ၁ ဒသမ ၆၉ သန်းဖြင့် လေလံတင်ရောင်းချ

**ပဲရစ် ဇူလိုင် ၈**

ကမ္ဘာကျော် ပြင်သစ်ဘုရင် နပိုလီယံဘိုနာပတ်၏ သမိုင်းဝင် ပစ္စတိုသေနတ်နှစ်လက်ကို ဇူလိုင် ၇ ရက်က ယူရို ၁ ဒသမ ၆၉ သန်းဖြင့် လေလံတင်ရောင်းချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပဲရစ်အခြေစိုက် သေနတ်ထုတ်လုပ်ရေးကုမ္ပဏီ လူးဝစာမာရင်ဂေါ့ဆက်၏ ရှေးဟောင်းလက်ရာဖြစ်သော ယင်းပစ္စတိုနှစ်လက်ကို လေလံမတင်မီက ယူရို ၁ ဒသမ ၂ သန်းနှင့် ၁ ဒသမ ၅ သန်းကြားရလိမ့်မည်ဟု မျှော်မှန်းခဲ့သည်။

၁၈၁၄ ခုနှစ်က နပိုလီယံဘိုနာပတ် ထိုသေနတ်များဖြင့် မိမိကိုယ်မိမိ သေကြောင်းကြံခဲ့သော ဖွန်တိန်ဘလူးနန်းတော်နှင့် ကပ်လျက် အိုဆေနတ်လေလံကုမ္ပဏီတွင် လေလံတင်ရောင်းချခဲ့ခြင်း ဖြစ်သည်။

၎င်းအားမသေစေလိုသဖြင့် ယမ်းမှုန့်များ ထုတ်ထားခဲ့သည့် နောက်တော်ပါ ကော်လိန်ကူအား နပိုလီယံက ထိုသေနတ်နှစ်လက် ပေးသနားခဲ့သည်။

ယခုလေလံတင်ရောင်းချသူမှာ ကော်လိန်ကူ၏ အဆက်အနွယ်ဖြစ်ပြီး ဝယ်ယူသူ၏အမည်ကိုမူ အိုဆေနတ်ကုမ္ပဏီက လျှို့ဝှက်ထားကြောင်း သိရသည်။

Mon



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

# ဩစတြေးလျနိုင်ငံ အဲလစ်စပရင်းမြို့တွင် ည ၁၀ နာရီ အပြင်မထွက်ရအမိန့် ထုတ်ပြန်



**ကင်ဘာရာ ဇူလိုင် ၈**

ဩစတြေးလျနိုင်ငံ အဲလစ်စပရင်းမြို့တွင် ည ၁၀ နာရီ အပြင်မထွက်ရအမိန့် ထုတ်ပြန်ကာ ဒေသဆိုင်ရာဥပဒေစိုးမိုးရေး ဆောင်ရွက်နေရကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မကြာသေးမီက ထိုမြို့၏ နယ်မြေခံရဲတပ်ဖွဲ့ရှိ တာဝန်မှနားနေသော တပ်ဖွဲ့ဝင်လေးဦးကို ရဲစခန်းပြင်ပ၌ လူရမ်းကားတစ်စုက ရိုက်နှက်ရန်ပြုခဲ့ပြီးနောက် ရဲတပ်ဖွဲ့မှူးက ည ၁၀ နာရီ မထွက်ရအမိန့် ထုတ်ပြန်ခဲ့ခြင်း ဖြစ်သည်။

ထိုအမိန့်ထုတ်ပြန်ထားသော ရက်များတွင် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက မြို့ထဲ၌ ကင်းလှည့်စောင့်ကြပ်ကာ နယ်မြေရှင်းလင်းရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

Mon

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီကျွန်းပေါ်တွင် မြေပြိုမှုကြောင့် လူ ၁၂ ဦးထက်မနည်း သေဆုံး

**ဂျကာတာ ဇူလိုင် ၈**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေဆီကျွန်းပေါ်တွင် ဇူလိုင် ၆ ရက်နှင့် ၇ ရက်နေ့များက ဖြစ်ပွားသော မြေပြိုမှုကြောင့် လူ ၁၂ ဦးထက်မနည်း သေဆုံးကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုကျွန်းပေါ်ရှိ ဂိုရွန်တာလိုပြည်နယ် ဆူဝါဝါခရိုင်တစ်နေရာတွင် တရားမဝင် တူးဖော်လုပ်ကိုင်နေသော ရွှေလုပ်ကွက်၌ ယင်းမြေပြိုမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမျိုးသားကယ်ဆယ်ရေးအဖွဲ့၊ ရဲတပ်ဖွဲ့နှင့် အင်ဒိုနီးရှားလုံခြုံရေးတပ်ဖွဲ့များမှ ပူးပေါင်းအင်အား ၁၆၀ ကျော်တို့က ပျောက်ဆုံးနေသူများကို ရှာဖွေကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

Mon

0-0-0-0-0

# ကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေး ပျက်ပြားသွားနိုင်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် သတိပေး

**ဝါရှင်တန် ဇူလိုင် ၈**

ယခုလက်ရှိ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်ရေးအခြေအနေမကောင်းသဖြင့် အချိန်မရွေး ပျက်ပြားသွားနိုင်သည်ဟု ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ငိုဇီအိုကွန်ဂျို အီဝေယာလာက ဇူလိုင် ၇ ရက်တွင် သတိပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ကမ္ဘာလုံးသို့ ဖြန့်ကြက်ထားသော တရုတ်လျှပ်စစ်ကားများအပေါ် ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စုတို့က အခွန်အတုတ်များဖြင့် တားဆီးပိတ်ပင်နေခြင်းကိုလည်း ကောင်းသောလက္ခဏာမဟုတ်ဟု ၎င်းက သုံးသပ်ခဲ့သည်။

အမေရိကန်ပြည်ထောင်စုတွင် ယခင်က တရုတ်နိုင်ငံမှ ထုတ်ကုန်ပစ္စည်းများအပေါ် မှီခိုနေရသော်လည်း ယခုနောက်ပိုင်းတွင် ကိုယ်ပိုင်အစိမ်းရောင်နည်းပညာထုတ်ကုန်များကို အထူးအာရုံစိုက်လာလျက်ရှိရာ အမေရိကန်အစိုးရက ယင်းထုတ်ကုန်ပစ္စည်းများကို တိုးမြှင့်ပိတ်ပင်လိုက်လျှင် တရုတ်နိုင်ငံ၏ ပို့ကုန်အခြေပြုကုန်သွယ်ရေး ယိမ်းယိုင်သွားနိုင်ကြောင်း ဒေါက်တာ ငိုဇီအိုကွန်ဂျိုအီဝေယာလာက ဘီဘီစီသတင်းဌာနနှင့် တွေ့ဆုံခန်းတွင် ထောက်ပြခဲ့ကြောင်း သိရသည်။

Mon

0-0-0-0-0



## စားသုံးရန်မသင့်ကြောင်း ကြော်ငြာထားသည့် အစားအသောက်များနှင့် သက်တမ်းကုန်မုန့်များ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေး

**မြို့သစ် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်၊ မြို့မဈေးကြီးအတွင်း ကုန်စုံဆိုင်များအား စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းကို တာဝန်ရှိသူများက ဇူလိုင် ၄ ရက် နံနက်ပိုင်းက စစ်ဆေးခဲ့ကြသည်။

**(အောက်ပုံ)**



ထိုသို့ စစ်ဆေးရာ၌ မကွေးတိုင်းဒေသကြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)မှ တာဝန်ရှိသူများသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မြို့မဈေးကြီး အတွင်းရှိ ကုန်စုံဆိုင်များတွင် တရားဝင်လိုင်စင်နှင့် သက်တမ်းလွန် ဆေးဝါးများ၊ စပ်ဆေးများ၊ တရားမဝင် ဆေးဝါးများ ရောင်းချမှု ရှိ၊ မရှိနှင့် အခွန်ပေးဆောင်မှု ရှိ၊ မရှိတို့ကိုစစ်ဆေးပြီး ဈေးဆိုင်များတွင် လူကို အန္တရာယ်ဖြစ်စေနိုင်သော အစားအစာများနှင့် အခြေခံစားသောက်ကုန်များ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချမှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ပြီး တွေ့ရှိသိမ်းဆည်းခဲ့သည့် စားသုံးရန် မသင့်ကြောင်း ကြော်ငြာထားသည့် အစားအသာက်များနှင့် သက်တမ်းကုန်မုန့်များကို သိမ်းဆည်းဖျက်ဆီးခဲ့ပြီး ပဲသွေး၊ ပဲပြား၊ မှျစ်၊ ချင်း၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်တို့အား (F.D.A) မှ MOBILE LABORATORY ဓာတုဆေးဝါး စမ်းသပ်စစ်ဆေးရေးယာဉ်ပေါ်တွင် လက်တွေ့စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဆင်ပေါင်ဝဲ ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign ကို ဇူလိုင် ၇ ရက် နံနက် ၈ နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဝင်များနှင့် အဖွဲ့ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်းနှင့် စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ် ကြွပ်ကြွပ်အိတ်အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြောကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၅ရက် မွန်းလွဲ ၁ နာရီခွဲက သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်၊ အနောက်မြို့ပတ်လမ်းနေ ဖြူသန္တာဝင်း(ခ)ကုလားမဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ၄င်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်တွင် အားယုံ ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ ၄င်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့နယ်၊ ဝမ်ကောင်းမွန်ကျေးရွာ၊ ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းတွင် အိုက်ဆမ် ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်နှင့် စိုင်းခမ်း(ခ)စိုင်းနွန်ခမ်း ဆိုသူ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၄င်းတို့ထံမှ စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် နှစ်ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးများနှင့် စပ်လျဉ်း၍ ဖြူသန္တာဝင်း(ခ)ကုလားမ(၃၉)နှစ်၊ အားယုံ(၄၇)နှစ်၊ အိုက်ဆမ်(၂၂)နှစ်နှင့် စိုင်းခမ်း(ခ)စိုင်းနွန်ခမ်း(၂၀)နှစ်ဆိုသူတို့အား သက်ဆိုင်ရာရဲစခန်းများတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀








သင့် အသက်အန္တရာယ်
ကာကွယ်ရန်အတွက်
ဆိုင်ကယ်စီးလျှင်
ဦးထုပ်ဆောင်းပြီး
မေးသိုင်းကြိုး
သေချာစွာ
တပ်ပါ။


## တရားမဝင် သစ်မျိုးစုံ၊ တိရစ္ဆာန်အစားအစာကုန်ကြမ်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ







**နေပြည်တော် ဇူလိုင် ၈**

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့် အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ သုံးလုံးအတွင်းမှ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် ဘရာဇီးနိုင်ငံထုတ် တိရစ္ဆာန်အစားအစာကုန်ကြမ်း ၇၈၉၄၆ ကီလိုဂရမ်ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် YOTO Digital Timber Ports အစုံ ၃၀ အပါအဝင် ကုန်ပစ္စည်း သုံးမျိုး ကိုလည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ်(၇ ဒသမ ၄၁၈)တန်၊ သစ်မာ(၁ ဒသမ ၁၂၆)တန်ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

၀-၀-၀-၀-၀-၀

# မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယ အမျိုးသမီး လက်ရွေးစင်အသင်းတို့ နှစ်ဖက်နည်းပြများ၏ ပွဲကြိုပြောစကားများ




နိုင်ငံတကာ ခြေစမ်းပွဲအဖြစ် ဇူလိုင် ၉ နှင့် ၁၂ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယအမျိုးသမီး လက်ရွေးစင်အသင်းတို့ပွဲအတွက် နှစ်ဖက်နည်းပြများမှ ပွဲကြိုစကားများ အသီးသီး ပြောကြားခဲ့သည်။

ကျွန်တော်တို့ အသင်းအနေနဲ့ မတ်လတုန်းက တစ်ကြိမ် စုစည်းပြီး လေ့ကျင့်ထားခဲ့ပါသေးတယ်။ အခုကစားမဲ့ အိန္ဒိယနဲ့ ခြေစမ်းပွဲ မတိုင်မီမှာတော့ ပြင်ဆင်ချိန် ၃ ပတ်ခန့် ရရှိခဲ့ပါတယ်။ အသင်းအနေနဲ့ ဒီနှစ်ထဲမှာ နိုင်ငံတကာပွဲစဉ်တွေ နည်းပါးနေချိန်မှာ အိန္ဒိယလို အသင်းကောင်း တစ်သင်းနဲ့ ခြေစမ်းပွဲ နှစ်ပွဲကစားရမှာဖြစ်လို့ သိပ်ကိုကောင်းမွန်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီအခွင့်အရေးကို တန်ဖိုးထားပြီးတော့လည်း ပြင်ဆင်သွားပါ့မယ်။ ကစားကွက်ကို နောက်တန်းကနေ သေချာပြင်ဆင် တည်ဆောက်ပြီးတော့ရလာတဲ့ အခွင့်အရေးတွေကို ရှေ့တန်းကနေ အကောင်းဆုံး အသုံးချနိုင်ဖို့ ကြိုးစားသွားမှာ ဖြစ်ပါတယ် ဟု ယူကီတက်ဆူရို(မြန်မာအမျိုးသမီး လက်ရွေးစင်အသင်းနည်းပြချုပ်)က ပြောသည်။ **(အပေါ်ဝဲပုံ)**

မြန်မာအသင်းနဲ့ ၂၀၁၉ တုန်းက အိုလံပစ် ခြေစစ်ပွဲ ဒုတိယအဆင့် ပွဲစဉ်အဖြစ် ရင်ဆိုင်ဖူးပြီး သုံးဂိုးစီသရေကျခဲ့ပါတယ်။ ကျွန်မတို့ အသင်းအနေနဲ့ ဒီကိုလာပြီး ခြေစမ်းပွဲ မကစားမီမှာ ဥဇဘက်ကစ္စတန်နဲ့ ခြေစမ်းပွဲနှစ်ပွဲ ကစားလာခဲ့ပါတယ်။ ဒီနှစ်ထဲမှာ ခြေစမ်းပွဲ ၇ ပွဲလောက် ကစားခဲ့ပြီးပါပြီ။ အသင်းမှာ လူငယ်သွေးသစ် ကစားသမားတွေနဲ့ ဝါရင့်ကစားသမားတွေကို ပေါင်းစပ်ရွေးချယ်ထားပါတယ်။ ဒီခြေစမ်းပွဲနဲ့ပတ်သက်လို့ ပြောရရင်တော့ နည်းပြတိုင်းက အနိုင်ရချင်ကြတာချည်းပါပဲ။ မြန်မာအသင်းဟာ တောင့်တင်းတဲ့ အသင်းကောင်း တစ်သင်းပါ။ ကျွန်မတို့ အနေနဲ့ ပြိုင်ဘက် အသင်းအပေါ် လေးစားမှုရှိပေမဲ့ အနိုင်ရလဒ်အတွက် အစွမ်းကုန် ကြိုးစားသွားမှာပါ ဟု လန်ဂန်ချော်ဘာ ဒေဗီ(အိန္ဒိယ အမျိုးသမီး လက်ရွေးစင်အသင်း နည်းပြချုပ်)က ပြောသည်။

(NGB)




## မဂ္ဂင်ဓမ္မရိပ်သာသို့ အရိပ်ရသစ်ပင်များ လှူဒါန်း

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ညောင်ပင်ကြီးကျေးရွာအုပ်စု၊ ထန်းသုံးပင်ရွာရှိ အရိယဝံသမိုးကုတ်ဝိပဿနာမဂ္ဂင်ဓမ္မရိပ်သာသို့ ၁၂ လမ်းနှင့် လမ်း ၇၀ ထောင့်ရှိနေ ဦးကျော်ငွေ+ဒေါ်သန်းသန်းတို့အား အမှူးထားလျက် ဦးရဲရင့်ကျော် (သား)ခန့်မြတ်ကျော် (သမီး)နန်းရီမွန်ကျော်၊ (မြန်မာမြိုင်စံပျိုးဥယျာဉ်)မိသားစုက အရိပ်ရသစ်ပင်များဖြစ်သော မည်စည်ပင်(၃၀)၊ ကုံကော်ပင်(၂၀)၊ ငုဝါပင်(၂၀)၊ ယုဇနပင်(၂၈)ပင်တို့ကို ယမန်နေ့ နံနက် ၁၁ နာရီက အလှူရှင် ပိုး ဥယျာဉ်၌ ပေးအပ်လှူဒါန်းရာ ရိပ်သာအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေဇွန်ဝမ်း စတား တာယာရောင်းဝယ်ရေး) နှင့် အလုပ်အမှုဆောင် ဦးနိုင်ဦး တို့က လက်ခံရယူကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၅၃)**

# လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပြည်သူတစ်ဦးသေဆုံးပြီး ကလေးငယ် လေးဦးအပါအဝင် ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိ

**နေပြည်တော် ဇူလိုင် ၈**

ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က ဇူလိုင် ၄ ရက်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၄ ရက် ညနေပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းရှိ နည်းပညာတက္ကသိုလ် မြကလပ်တောင် သီရိဒေါလမ်းဆုံနှင့် အခြားနေရာအများအပြားသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ လောခမ္မရပ်ကွက်၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်၊ ကျောက်တောင်ရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေသခံပြည်သူ တစ်ဦး သေဆုံးခဲ့ရကာ ကလေးငယ် လေးဦးအပါအဝင် စုစုပေါင်း ဒေသခံပြည်သူ ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

သေဆုံး/ထိခိုက်ဒဏ်ရာ ရရှိသူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့အနေဖြင့် ကယားပြည်နယ် လွိုင်ကော်ဒေသအတွင်း အေးချမ်းစွာဖြင့် နေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ ပြည်သူလူထုနေထိုင်လျက်ရှိသည့် ရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် လွိုင်ကော်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အကြမ်းဖက်မှုတန်ပြန်ချေမှုန်းရေးကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ကယားပြည်နယ် လွိုင်ကော်မြို့အတွင်းသို့ KNPP/KNDF အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ပူးပေါင်းအဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာ ရရှိမှုအား တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

### အမှုဖွင့်လှစ်အရေးယူ

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shwe Phyoe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် ရွာဘဲရပ်ကွက်နေ ရွှေဇင်ဖြိုး(ခ)ရွှေဖြိုးအား မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ပြည်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ

## အိုလီဆေးအား ဘိုင်ယန်မြူးနစ်အသင်း ခေါ်ယူ



**မြူးနစ် ဇူလိုင် ၈**

ဘိုင်ယန်မြူးနစ်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်း တောင်ပံကစားသမား အိုလီဆေးအား ၂၀၂၉ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံပွဲ ၉၀ကစားကာ ၁၆ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ဘိုင်ယန်မြူးနစ်အသင်း ထုတ်ပြန်ချက်တွင် အိုလီဆေးအား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကို အောင်မြင်မှုများရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားဦးမှာပါ'ဟု ထုတ်ပြန်သည်။ **(NGB)**

## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Carlos Alcaraz တက်ရောက်



**လန်ဒန် ဇူလိုင် ၈**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ စပိန်တင်းနစ်ကစားသမား Carlos Alcaraz တက်ရောက်ခဲ့သည်။

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert အား ၆-၃၊ ၆-၄၊ ၁-၆၊ ၇-၅ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

2024 Wimbledonတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz နှင့် အမေရိကန်တင်းနစ်ကစားသမား Tommy Paul တို့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **(NGB)**

## အင်္ဂလန်အသင်းနှင့် ကစားမည့်ပွဲအတွက် အဆင်သင့်ဖြစ်နေကြောင်း နသန်အကီ ပြောကြား



**မြူးနစ် ဇူလိုင် ၈**

နယ်သာလန်လက်ရွေးစင်အသင်း နောက်ခံကစားသမား နသန်အကီက မိမိတို့အသင်းအနေဖြင့် ယူရို ၂၀၂၄ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဇူလိုင် ၁၁ရက်တွင် ကစားမည့် အင်္ဂလန်အသင်းနှင့်ပွဲအတွက် အဆင်သင့်ဖြစ်နေကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါ နောက်ခံကစားသမား နယ်သာလန်အသင်းနှင့်အတူ ယူရို ၂၀၂၄ဘောလုံးပြိုင်ပွဲတွင် ပွဲစဉ်ငါးပွဲထိ ပါဝင်ကစားပြီး အသင်းအား ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် ပံ့ပိုးကူညီနိုင်ခဲ့သည်။ **(ဝဲပုံ)**

အသက်(၂၉)နှစ်အရွယ်ရှိ နသန်အကီက အင်္ဂလန်အသင်းနှင့် ကစားမည့်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ။ အဲဒီပွဲစဉ်မှာလည်း အနိုင်ရရှိမယ်လို့ ယုံကြည်ပါတယ်။ အသင်းနှင့်အတူ ယူရို ၂၀၂၄ ချန်ပီယံဆုကြီးကိုလည်း ရယူသိမ်းပိုက်သွားလိုပါတယ်'ဟု ပြောသည်။ **(NGB)**

## တီယာဂိုအယ်လ်ကန်တာရာ ဘောလုံးကစားသမားဘဝမှ အနားယူတော့မည်

**လန်ဒန် ဇူလိုင် ၈**

စပိန်လက်ရွေးစင်အသင်း ကွင်းလယ်ကစား တီယာဂိုအယ်လ်ကန်တာရာ ဘောလုံးကစားသမားဘဝမှ အနားယူတော့မည်ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီ တစ်လျှောက်လုံး ဒဏ်ရာပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပြီး ကြံ့ခိုင်မှုအားနည်းလာခြင်းကြောင့် ဘောလုံးကစားသမားဘဝမှ အနားယူမည်ဖြစ်ကြောင်းလည်း သတင်းများက ဖော်ပြခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား တီယာဂိုအယ်လ်ကန်တာရာသည် ကစားသမားဘဝတစ်လျှောက်တွင် ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်၊ လီဗာပူးစသည့်ကလပ်အသင်းများတွင် ကစားခဲ့ဖူးပြီး အောင်မြင်မှုများစွာလည်း ရယူနိုင်ခဲ့သလို စပိန်လက်ရွေးစင်အသင်းနှင့်အတူ ၂၀၁၁မှ ၂၀၂၁ခုနှစ်အထိ ပြိုင်ပွဲ ၄၆ပွဲကစားကာ နှစ်ဂိုးသွင်းယူထားသည်။ **(အောက်ပုံ)**

**(NGB)**



## အန်တိုနီဂေါ်ဒွန်အား ခေါ်ယူရန် လီဗာပူးအသင်း စီစဉ်

**လီဗာပူး ဇူလိုင် ၈**

လီဗာပူးအသင်းသည် နယူးကာဆယ်အသင်း တောင်ပံကစားသမား အန်တိုနီဂေါ်ဒွန်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၃)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် နယူးကာဆယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၄ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းကလည်း အန်တိုနီဂေါ်ဒွန်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း၈၀ရရှိပါက ရောင်းချသွားဖွယ်ရှိသည်။ ထို့ကြောင့် လီဗာပူးအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် နယူးကာဆယ်အသင်းထံမှ အန်တိုနီဂေါ်ဒွန်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



| ဘောလုံးသတင်းအတိုအထွာများ | |
|---|---|
| | ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ဘွန်ဒက်လီဂါပြိုင်ပွဲကို ဩဂုတ် ၂၃ရက်မှ ၂၀၂၅ခုနှစ် မေ ၁၇ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ |
| | ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ စီးရီးအေပြိုင်ပွဲကို လာမည့် ဩဂုတ်၁၇ရက်မှ ၂၀၂၅ ခုနှစ်မေ ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ **(NGB)** |

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်ပွဲစဉ်)

နိုင်ကမ္ဘာ

**စပိန် – ပြင်သစ်**

**ဇူလိုင် ၁၀ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၀၁း၃၀နာရီ**

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၂၀-၆-၁၉၈၄ | ပြင်သစ် | ၂-၀ | စပိန် | | | (ယူရို ၈၄ ဗိုလ်လုပွဲ) |
| ၁၉၉၁ | စပိန် | ၁-၂ | ပြင်သစ် | ၃-၁ | စပိန် | (ယူရို ၉၂ ခြေစစ်ပွဲ) |
| ၁၅-၆-၁၉၉၆ | ပြင်သစ် | ၁-၁ | စပိန် | | | (ယူရို ၉၆ အုပ်စု) |
| ၂၆-၆-၂၀၀၀ | စပိန် | ၁-၂ | ပြင်သစ် | | | (ယူရို ၂၀၀၀ ကွာတား) |
| ၂၇-၆-၂၀၀၆ | စပိန် | ၁-၃ | ပြင်သစ် | | | (ကမ္ဘာ့ဖလား ၂၀၀၆ ၊ ၁၆သင်း အဆင့်) |
| ၂၄-၆-၂၀၁၂ | စပိန် | ၂-၀ | ပြင်သစ် | | | (ယူရို ၂၀၁၂ ကွာတား) |
| ၂၀၁၂-၁၃ | စပိန် | ၁-၁ | ပြင်သစ် | ၀-၁ | စပိန် | (ကမ္ဘာ့ဖလား ၂၀၁၄ ခြေစစ်ပွဲ) |
| ၁၁-၁၀-၂၀၂၁ | စပိန် | ၁-၂ | ပြင်သစ် | | | (UEFA နေရှင်းလိဂ် ဗိုလ်လုပွဲ) |

**နှစ်သင်း၏ဆီမီးဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| စပိန် | ၃-၀ | ခရိုအေးရှား | (အုပ်စုအဆင့်) | ဩစတြီးယား | ၀-၁ | ပြင်သစ် |
| စပိန် | ၁-၀ | အီတလီ | (အုပ်စုအဆင့်) | နယ်သာလန် | ၀-၀ | ပြင်သစ် |
| အယ်လ်ဘေးနီးယား | ၀-၁ | စပိန် | (အုပ်စုအဆင့်) | ပြင်သစ် | ၁-၁ | ပိုလန် |
| စပိန် | ၄-၁ | ဂျော်ဂျီယာ | (၁၆သင်းအဆင့်) | ပြင်သစ် | ၁-၀ | ဘယ်လ်ဂျီယံ |
| စပိန် | ၁-၁ | ဂျာမနီ | (ကွာတား) | ပေါ်တူဂီ | ၀-၀ | ပြင်သစ် |
| (အချိန်ပိုတွင် | ၁-၀ | ဖြင့် စပိန်နိုင်) | | (ပင်နယ်တီ | ၃-၅ | ဖြင့် ပြင်သစ်နိုင်) |

စပိန်နှင့်ပြင်သစ်တို့ ခြေစစ်းပွဲများ အပါအဝင် ပြိုင်ပွဲစုံ၌ (၃၆)ကြိမ် ဆုံတွေ့ခဲ့ရာ စပိန်က (၁၆)ကြိမ် အနိုင်ရပြီး (၇)ကြိမ် သရေကျကာ (၁၃)ကြိမ် ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ စပိန်က အသာရနေသော်လည်း နှစ်သင်းစလုံး၏ ခြေစွမ်းက အကောင်းဆုံးဖြစ်နေကြ၍ ပွဲချိန်အတွင်း သရေကျကာ အချိန်ပိုပင်နယ်တီအထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက အသင်းလိုက် စုစည်းမှုအားကောင်းသော စပိန်တို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**စပိန်–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်**

**ပြင်သစ်–နိုင်၊နိုင်၊သရေ၊သရေ၊နိုင်**

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်)

နိုင်ကမ္ဘာ

**အာဂျင်တီးနား – ကနေဒါ**

**ဇူလိုင် ၁၀ရက်၊ (ဗုဒ္ဓဟူးနေ့)၊ နံနက် ၆း၃၀နာရီ**

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၇-၈-၁၉၇၁ | အာဂျင်တီးနား | ၂-၀ | ကနေဒါ | (ပန်အမေရိက အားကစားပွဲ နောက်ဆုံးအုပ်စု) |
| ၁၇-၁၀-၁၉၇၅ | ကနေဒါ | ၀-၂ | အာဂျင်တီးနား | (ပန်အမေရိက အားကစားပွဲ အုပ်စု) |
| ၂၁-၆-၂၀၂၄ | အာဂျင်တီးနား | ၂-၀ | ကနေဒါ | (ကိုပါ အမေရိကဖလား အုပ်စု) |

**နှစ်သင်း၏ဆီမီးဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| အာဂျင်တီးနား | ၂-၀ | ကနေဒါ | (အုပ်စုအဆင့်) | အာဂျင်တီးနား | ၂-၀ | ကနေဒါ |
| ချီလီ | ၀-၁ | အာဂျင်တီးနား | (အုပ်စုအဆင့်) | ပီရူး | ၀-၁ | ကနေဒါ |
| အာဂျင်တီးနား | ၂-၀ | ပီရူး | (အုပ်စုအဆင့်) | ကနေဒါ | ၀-၂ | ချီလီ |
| အာဂျင်တီးနား | ၁-၁ | အီကွေဒေါ | (ကွာတား) | ဗင်နီဇွဲလား | ၁-၁ | ကနေဒါ |
| (ပင်နယ်တီ | ၄-၂ | ဖြင့် အာဂျင်တီးနားနိုင်) | | (ပင်နယ်တီ | ၃-၄ | ဖြင့် ကနေဒါနိုင်) |

အုပ်စုတွင်း တွေ့ဆုံခဲ့ကာ နှစ်သင်းပြန်လည်ဆုံတွေ့သည့် ပွဲဖြစ်၍ အကြိတ်အနယ်ရှိမည် ဖြစ်သော်လည်း အစဉ်အလာနှင့် ဘောလုံးခြေစွမ်းအရ အာဂျင်တီးနားတို့ ဗိုလ်လုပွဲတက်မည့်ပွဲဖြစ်သည်။

**နှစ်သင်း၏ နောက်ဆုံး ၅ပွဲရလဒ်**

**အာဂျင်တီးနား–နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်**

**ကနေဒါ–သရေ၊ရှုံး၊နိုင်၊သရေ၊နိုင်**



## မန္တလေးဆိပ်ကမ်းတွင် လာမည့် ၁၂နာရီအတွင်း စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်

**မန္တလေး ဇူလိုင် ၈**

ဧရာဝတီမြစ်ဆိပ်ကမ်းများတွင် ဇူလိုင်လဆန်းရက်မှစ၍ မြစ်ရေမြင့်တက်လာမှုများရှိနေပြီး မြစ်အထက်ပိုင်းမှ မြစ်ရေများ အောက်ဘက်သို့ စီးဆင်းလာရာမှ မန္တလေးဆိပ်ကမ်းတွင် လာမည့် ၁၂နာရီအတွင်း စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ ယနေ့ မွန်းလွဲ ၁နာရီခွဲက ထုတ်ပြန်ထားသည်။

မန္တလေးဆိပ်ကမ်းတွင် ယနေ့ နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ ၁၂၁၄ စင်တီမီတာ (၃၉ ဒသမ ၈၃ပေ)သို့ ရောက်ရှိနေသဖြင့် စိုးရိမ်ရေအမှတ်ဖြစ်သည့် ၁၂၆၀စင်တီမီတာ(၄၁ ဒသမ ၃၄ ပေ)သို့ ရောက်ရှိရန် တစ်ပေခွဲခန့်သာ လိုတော့ကြောင်း မိုးဇလ ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

"မိုးတွင်းကာလ မှတ်သုန်ရာသီကာလအတွင်းမှာ ဧရာဝတီမြစ်အထက်ပိုင်းနဲ့ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသတွေမှာ မိုးအဆက်မပြတ် ရှိနေတယ်။ ဒါကြောင့် ဧရာဝတီမြစ်ရေက ပုံမှန်အနေအထားနဲ့ ပြန်တက်ပြန်ကျရှိနေဦးမယ်။ ဒါပေမဲ့ အခြားသက်ရောက်မှု မရှိရင်တော့ မြစ်ကြီးနားမှာ စိုးရိမ်ရေအမှတ်ကို ပြန်မရောက်နိုင်ပါဘူး"ဟု ၎င်းက ပြောသည်။

ဧရာဝတီမြစ်ရေသည် ယနေ့ နံနက်ပိုင်း တိုင်းတာချက်များအရ ဗန်းမော်မြို့တွင် စိုးရိမ်ရေ အမှတ်အထက် ၃ ပေခန့်၊ ရွှေကူမြို့တွင် စိုးရိမ်ရေအမှတ် အထက်၂ပေခန့်၊ ကသာမြို့တွင် စိုးရိမ်ရေအမှတ်အထက် ၂ပေခန့်၊ သပိတ်ကျင်းမြို့တွင် စိုးရိမ်ရေအမှတ်အထက် ၂ ပေခန့်သို့ရောက်ရှိနေပြီး ယင်းဆိပ်ကမ်းများမှ အောက်ဘက်သို့ စီးဆင်းလာပါက မန္တလေးတွင် လက်ရှိရေအမှတ် (၃၉ ဒသမ၈၃ ပေ)ထက် ကျော်လွန်၍ စိုးရိမ်ရေအမှတ်(၄၁ ဒသမ ၃၄ ပေ)သို့ ရောက်ရှိနိုင်သည်ဟု ဆိုသည်။

"နှစ်စဉ် မုတ်သုန်မိုးက ပုံမှန်ထက် ရွာသွန်းတဲ့အတွက် မြစ်ရေတိုးလာပြီး မြစ်ရေကြီးတဲ့ ရာသီစတာပဲ။ ဧရာဝတီမြစ် အလယ်ပိုင်းဒေသတွေမှာ မြစ်ရေ မှတ်တမ်းတွေအရ ဇူလိုင်လ ဒုတိယပတ်ကနေ ဩဂုတ်လ ဒုတိယပတ်အထိ မြစ်ရေကြီးတဲ့ အကြိမ်ရေများတယ်"ဟု ၎င်းက ဆက်လက် ပြောကြားသည်။

မန္တလေးဆိပ်ကမ်း မြစ်ရေအခြေအနေ မှတ်တမ်းများအရ ၁၉၆၈ခုနှစ်မှ ၂၀၂၃ခုနှစ်အထိ နှစ်ပေါင်း ၅၆ နှစ်အတွင်း ၁၉၇၀ ခုနှစ်၊ ၁၉၇၁ခုနှစ်၊ ၁၉၇၃ခုနှစ်၊ ၁၉၇၄ခုနှစ်၊ ၁၉၇၆ခုနှစ်၊ ၁၉၇၉ ခုနှစ်၊ ၁၉၈၇ခုနှစ်၊ ၁၉၈၈ခုနှစ်၊ ၁၉၉၇ခုနှစ်၊ ၁၉၉၈ခုနှစ်၊ ၂၀၀၄ ခုနှစ်၊ ၂၀၀၇ခုနှစ်၊ ၂၀၁၃ ခုနှစ်၊ ၂၀၁၆ခုနှစ်၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၉ ခုနှစ်တို့တွင် စိုးရိမ်ရေအမှတ် (၁၂၆၀ စင်တီမီတာ)ကို ကျော်လွန်ရောက်ရှိခဲ့ရာ ၂၀၀၄ခုနှစ်တွင် စံချိန်တင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**မိတ္ထီလာ ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနနှင့်ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းတို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့က ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)တွင် ကျင်းပခဲ့သည်။

ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေးစသည့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိသားစုအတွင်းရှိ အမျိုးသမီးငယ်လေးများ အလုပ်အကိုင်ရရှိစေရန်၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေရရှိစေရန်၊ လုပ်ငန်းခွင်ဝင်ရောက်ချိန်တွင် ကျွမ်းကျင်တတ်မြောက်မှုရှိစေရန်နှင့် ကျွမ်းကျင်မှုအလိုက် ထိုက်သင့်သည့် လုပ်ခလစာရရှိစေရန်၊ နည်းပညာအတတ်ပညာများ သင်ကြားပို့ချပေးလျက်သည်။

ယင်းသို့ သင်ကြားပို့ချပေးလျက်ရှိရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)တို့ ပူးပေါင်း၍ အသက်မွေးအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ အခြေခံစက်ချုပ်သင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)တို့ ပူးပေါင်း၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းကို ဇူလိုင် ၁ ရက်မှ ၃၀ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ၎င်းသင်တန်းကို မိတ္ထီလာ၊မလှိုင်၊ သာစည်၊ ရမည်းသင်း၊ ပျော်ဘွယ်၊ ကျောက်ပန်းတောင်း၊ ညောင်ဦး မြို့နယ်များမှ သင်တန်းသူ ၁၅ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၆၉)**



## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းသား၊သင်တန်းသူများ ကြံ့ခိုင်စွမ်းရည်စစ်ဆေး

**မန္တလေး ဇူလိုင် ၈**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)သို့ ၂၀၂၄-၂၀၂၅ပညာသင်နှစ်တွင် တက်ရောက်နေသော သင်တန်းသား၊ သင်တန်းသူများအား ကြံ့ခိုင်စွမ်းရည်စစ်ဆေးခြင်းကို ဇူလိုင် ၆ရက် နံနက် ၈နာရီက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိအားကစားကွင်းတွင် ပြုလုပ်သည်။ သင်တန်းသား၊သင်တန်းသူများအား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အရည်အချင်းပြည့်မီစွာ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် အားကစားနည်းအလိုက်ရှိသင့်သည့် ကြံ့ခိုင်စွမ်းရည်များ ပြည့်ဝစေရေးအတွက် နည်းစနစ်မှူးများကစစ်ဆေးကြရာ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီးဦးမြင့်ခိုင်၊ဒုတိယကျောင်းအုပ်ကြီးနှင့်နည်းပြများက ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ မြန်မာ့လက်ရွေးစင် ၁၁၀၃ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ပြည်ပပြိုင်ပွဲများတွင် ရွှေ ၃၄ခု၊ ငွေ ၄၇ခု၊ ကြေး ၈၀ခု စုစုပေါင်းဆုတံဆိပ် ၁၆၀ခု ရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

**(၀၄၅)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ။**

## လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဟောပြော

**မိတ္ထီလာ ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအသိပညာပေး ဟောပြောပွဲကို ယနေ့ နံနက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး ရှင်းလင်းပွဲတွင် မြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငွေးဝင်းက သန်းခေါင်စာရင်းဆိုင်ရာ ရည်ရွယ်ချက်၊သမိုင်းကြောင်း၊ကောက်ယူမည့်နည်းလမ်း၊ ကောက်ယူမည့် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းများစသည့် အကြောင်းအရာများကို အသိပညာပေးရှင်းလင်းခဲ့ရာ တက်ရောက်လာသူများမှ သန်းခေါင်စာရင်းဆိုင်ရာများနှင့်ပတ်သက်၍ မေးမြန်းလာမှုများအား ပြန်လည်ဖြေကြားခဲ့သည်။ ၎င်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သန်းခေါင်စာရင်း ပစ္စည်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ပြုလုပ်ခဲ့သည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးငွေးဝင်းနှင့်ကော်မတီဝင်များ၊ရပ်ကွက်ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**သိန်းမြင့်ကျော်(ခရိုင်ပြန်/ဆက်)**



# တောင်သမန် ဦးပိန်တံတားတွင် လာမည့်ရက်များတွင် လက်ရှိအင်းရေထက် ၅ ပေခန့်တိုးလာတော့မည်

အမရပူရတောင်သမန်ဦးပိန်တံတားတွင် ဧရာဝတီမြစ်နှင့် တောင်သမန်အင်းကို ဆက်သွယ်သည့် ရေထိန်းတံခါးဖွင့်လိုက်သည့်အတွက် မြစ်ရေများ ဝင်ရောက်ကာ အင်းရေ တဖြည်းဖြည်းမြင့်တက်လာရမှ ၅ ပေကျော်ထိ မြင့်တက်လာနိုင်ကြောင်း တောင်သမန်ငှက်လှေသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောသည်။

ပြီးခဲ့သည့် ၃ ရက်က လက်ရှိရေအမှတ်ထက် ၂ပေခန့် အင်းရေတက်လာခဲ့ရာ ဇူလိုင် ၇ ရက်က တောင်သမန်အင်းနှင့် ဆက်သွယ်ထားသည့် တံတားဖြူ ရေထိန်းတံခါးကို ဖွင့်လိုက်ရာမှ မြစ်ရေများ ဝင်ရောက်လာခြင်း ဖြစ်သည်ဟု ဆိုသည်။

"ရေကတိုးနေပြီ၊ မနေ့က စပြီး တိုးလာတယ်။ ရေဝိတ်က များလာပြီဖြစ်လို့ ဧရာဝတီမြစ်နဲ့ ဆက်ထားတဲ့ ရေထိန်းတံတားက ဖွင့်မှရတော့မှာ။ အင်းထဲကို ရေဝင်လာတာက မန္တလေး-စစ်ကိုင်း ဒွေးလမ်းဘက်ကလည်း အင်းထဲကို ရေဝင်တယ်။ လာမယ့်ရက်တွေမှာ ရေက တိုးလာမှာပဲ။ ဒီနေ့မှာ တံတားကြမ်းပြင်နဲ့ ၁၀ ပေကျော်လောက်အကွာမှာ ရေရောက်နေတယ်"ဟု ၎င်းက ပြောသည်။



ဧရာဝတီမြစ်ရေသည် လာမည့်နှစ်ရက်အတွင်း မန္တလေးမြို့ စိုးရိမ်ရေအမှတ်သို့ ရောက်ရှိနိုင်မည်ဟု မိုး/ဇလမှ ခန့်မှန်းချက်ထုတ်ပြန်ထားကြောင်း၊ ပုံမှန်အားဖြင့် မြစ်ရေတိုးချိန်တွင် တောင်သမန်အင်းရေ မြင့်တက်လာပြီး ပုံမှန်ချိန်များထက် ငှက်လှေများ စီးခြင်းနှင့် အပန်းဖြေလာရောက်သူများကြောင့် လာရောက်လည်ပတ်သူများပြားကြောင်း၊နိုင်ငံခြားခရီးသွားလာရောက်မှုမှာ အနည်းငယ်သာရှိသည်ဟု သိရသည်။

တောင်သမန်အင်း အဆင့်မြှင့်တင်ပြီးနောက် လာရောက်လည်ပတ်သူ ပိုမိုများပြားလာကာ ပြည်တွင်းခရီးသွားများနှင့် မန္တလေးနှင့်အမရပူရအနီးဝန်းကျင်မှ လာရောက်သူများကြောင့် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပိုမိုစည်ကားကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

*-*-*-*-*

# မြန်မာ့သကြားကို တရုတ်က ဈေးကောင်းပေးဝယ်နေ

မန္တလေး၊ စစ်ကိုင်း၊ ပဲခူးနဲ့ ရန်ကုန်တိုင်းဒေသကြီးတို့က ထွက်ရှိသည့် အရည်အသွေးပြည့်မီ သကြားတွေကို တရုတ်နိုင်ငံဘက်က ဈေးကောင်းပေးပြီး ဝယ်ယူမှုတွေရှိနေကြောင်း သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေး)ထံက သိရသည်။

"မန္တလေးဈေးကွက်ထဲမှာတော့ သကြားက အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာ ရှိနေပါတယ်"ဟု အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းဌွေးက ပြောသည်။

မန္တလေးဈေးကွက်အတွင်းမှာ ဇူလိုင်လပထမပတ်မှ စတင်ပြီး သကြားအရောင်းအဝယ် ကောင်းမွန်လျက်ရှိသည်။

ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်သည့် သကြားတွေကို ဝယ်လက် တရုတ်၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့က ဝယ်ယူမှုရှိပြီး ယခုလတ်တလောမှာတော့ ပြည်ပကုန်သည်တွေ၏ သကြားဝယ်လိုအား မြင့်တက်လာသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်းမှာပါ သကြားဝယ်လိုအားများပြားလာခြင်းကြောင့် အရောင်းအဝယ်လည်း ပြန်လည်ကောင်းမွန်နေခြင်းဖြစ်သည်။

သကြားက အရောင်းအဝယ်ကောင်းနေသော်လည်း ကုန်စည်လက်ကျန် နည်းသွားတာမျိုးတော့ မရှိနိုင်ကြောင်း အသင်းတာဝန်ရှိသူက ပြောသည်။ **(အောက်ပုံ)**

"နောက်ပိုင်း ဒီထက်ပိုပြီး သကြားအရောင်းအဝယ် ကောင်းလာရင်တော့ သကြားလက်ကျန်က မန္တလေးဈေးကွက်ထဲ နည်းသွားနိုင်ပါတယ်"ဟု ၎င်းက ပြောသည်။

မန္တလေးဈေးကွက်အတွင်းမှာတော့ ယခုဇူလိုင် ၈ ရက် ပေါက်ဈေးအရ သကြားတစ်ပိဿာ ငွေကျပ် ၄၈၀၀ ခန့်အထိ ပေါက်ဈေးရှိနေသည်။

လက်ရှိမှာ သကြားကို ပြည်တွင်းစားသုံးမှုအတွက် အဓိကဦးစားပေးပြီး ပိုလျှံသည့်သကြားတွေကိုပဲ ပြည်ပနိုင်ငံတွေထံ တင်ပို့ရောင်းချနေခြင်း ဖြစ်သည်။

ပြည်တွင်းမှာ တစ်နှစ်ကို ပျမ်းမျှ သကြားတန်ချိန် ၄ သိန်းခန့်ထွက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဖြ)**



# ဘက်စုံသုံးစိုက်ခင်း(၂)ကေနှင့် ကျေးရွာထင်းစိုက်ခင်း(၂၀)ကေ သစ်ပင်များစိုက်ပျိုးပြီးစီး

**နတ်မောက် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၌ ၂၀၂၄-ခုနှစ် မိုးရာသီ ဘက်စုံသုံးစိုက်ခင်း(၂၂)ဧကနှင့် ကျေးရွာထင်းစိုက်ခင်း (၂၀)ဧကတွင် သစ်ပင်များ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

နတ်မောက်မြို့နယ်တွင် ၂၀၂၄ခုနှစ် မိုးရာသီ၌ မြို့နယ်သစ်တောဦးစီးဌာနက (၁၃)ခရိုင်စိမ်းလန်းစိုပြည်စေရေး စီမံချက်အရ ရေယို၊ တံခွန်တိုင်၊ ဘုန်းတော်ပြည်၊ ဘူတာ၊ န/ကျားထူး၊သာယာအေး၊ သားမှူး၊ ငွေးကုန်း၊ ချောင်းနက်၊ကျောင်းကုန်းကျေးရွာနှင့် ကွင်းကြီးကျေးရွာများတွင် ဘက်စုံသုံးစိုက်ခင်းအနေဖြင့် တစ်ရွာလျှင် နှစ်ဧက၊ စုစုပေါင်း (၂၂)ဧကအား တမာပင်များ စိုက်ပျိုးခဲ့သည်။ ဆက်လက်ပြီး ဒေသခံပြည်သူများ ထင်း၊ မျော၊ အိမ်တိုင်နှင့် တောင်သူသုံးပစ္စည်းများရရှိသုံးစွဲနိုင်ရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုစေရန်ရည်ရွယ်၍ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ တွင် ယူကလစ်၊ ကုက္ကိုပင်၊ ဖျောက်ဆိပ်ပင်၊ ရှားပင်နှင့် တမာပင်များ စိုက်ပျိုးပြီးစီးပြီဖြစ်ရာ စိုက်ပျိုးပြီး သစ်ပင်များ ရှင်သန်ဖြစ်ထွန်းရေးအတွက် မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဇော်မင်းထံမှ သိရသည်။ **လှဝင်း**



# စက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)မေဂျာပေါင်းစုံ ဘောလုံးပြိုင်ပွဲ၊ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ကျင်းပ

**မကွေး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊အစိုးရစက်မှုလက်မှုသိပ္ပံ(ရေနံချောင်း)၏ မေဂျာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၇ နာရီခွဲက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပခဲ့သည်။

အဆိုပါ ဘောလုံးဗိုလ်ပွဲနှင့် ဆုပေးပွဲအခမ်းအနားတွင် ရေနံချောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါက်တာဝင်းစန္ဒာက အားပေးစကားပြောကြားသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲမှ ပထမ၊ ဒုတိယဆုရ ဘောလုံးအသင်းနှင့် ကျောင်းတွင်းအားကစားပြိုင်ပွဲတွင် ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စစ်တုရင်၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲများမှ ဆုရ အားကစားသမားများအား တက်ရောက်လာသူများက ဆုများ ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ မြို့နယ်အားကစားကော်မတီများ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၇၂)

# မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၂၀၂၀-၂၀၂၃ သက်တမ်း အသင်းသားစုံညီနှစ်ပတ်လည် အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၈**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ၂၀၂၀-၂၀၂၃ သက်တမ်း အသင်းသားစုံညီ နှစ်ပတ်လည်အခမ်းအနား ကို ဇူလိုင် ၇ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ ၇၈လမ်းနှင့် ၃၄လမ်းထောင့်၊ ရတနာပုံစူပါစင်တာ၊စတုတ္ထထပ်ရှိ အသင်းရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးသောင်းတင်နှင့် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နာယကသီရိပျံချီ၊ ဝဏ္ဏကျော်ထင်ဦးမောင်ကို၊ ဦးကျော်မင်းတို့က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းဌွေးက ၂၀၂၀-၂၀၂၃သက်တမ်းအတွင်း အသင်းမှဆောင်ရွက်ချက်များကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၀-၂၀၂၃ သက်တမ်း နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို လက်မှတ်ရပြည်သူ့စာရင်းကိုင် ဦးခင်မောင်ထွေးက ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသို့ အလှူငွေလှူဒါန်းသော ဘဏ်များနှင့် ကုမ္ပဏီများအား ဂုဏ်ပြုတံဆိပ်များချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ၂၀၂၀-၂၀၂၃ သက်တမ်း နှစ်ပတ်လည် အသင်းသား အစီရင်ခံစာကို အတွင်းရေးမှူး ဦးညီညီချစ်မှ ဖတ်ကြားခြင်း၊ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးကျော်မျိုးထိုက်က ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူကာ ဥက္ကဋ္ဌ ဦးဝင်းဌွေးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ **(အောက်ပုံ) (ဝ၄၅)**





# မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်

**ဂန့်ဂေါ ဇူလိုင် ၈**

သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေရန်နှင့် ဒေသတွင်းအပူချိန် လျော့ကျကာ ဂေဟာစနစ် တည်ငြိမ်လာစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့၊ အ·မ·က (မြို့မ တောင်ပိုင်း)ကျောင်းတွင် ဇူလိုင် ၇ ရက် နံနက် ၈ နာရီက မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက သစ်တောသစ်ပင်များသည် သက်ရှိသတ္တဝါအားလုံး၏ ရှင်သန်ရပ်တည်ရေးအတွက် အရေးပါကြောင်း၊ ထို့ကြောင့် သစ်တောသစ်ပင်များအား အခွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးတွက် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ စုပေါင်းသစ်ပင် စိုက်ပျိုးကြရန်နှင့် စိုက်ပျိုးသည့် သစ်တောသစ်ပင်များ အခွန့်ရှည် တည်တံ့ခိုင်မြဲရန် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခေတ္တခရိုင် သစ်တောဦးစီးဌာန၊ ဦးစီးအရာရှိ ဦးငွေစိုးမှ ပျိုးပင်များကို ပေးအပ်ခဲ့ရာ ဂန့်ဂေါခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူခဲ့သည်။

၂၀၂၄ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတွင် အမြင့်(၂)ပေ အထက်ရှိ တပေဘူတ ၁၈ ပင်၊ ကျွန်း ၁၅ ပင်၊ ခရေ ၁၅ ပင်၊ ငုရွှေဝါ ၁၅ ပင်၊ ငုစပ် ၁၅ ပင်၊ အသောက ၁၂ ပင်၊ ပိတောက် ၆ ပင်၊ မန်ကျည်း ၅ ပင်၊ ပန်းတမာ ၅ ပင်၊ မယ်ဇယ်(မည်စည်) ၄ ပင်၊ မြန်မာကုက္ကို ၃ ပင်၊ ရေတမာ ၃ ပင်၊ တမလန်း ၂ ပင်၊ သင်းဝင် ၂ ပင်၊ တမာ ၂ ပင်၊ မဲဇလီ ၂ ပင် စသည့် စုစုပေါင်း ပျိုးပင် ၁၂၄ ပင်အား တက်ရောက်လာကြသည့် ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ဖိတ်ကြားထားသူ စုစု ပေါင်း ၂၀၀ ဦးခန့် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါ စိုက်ပျိုးခဲ့သည့် သစ်ပင်များအား ဆက်လက် ရှင်သန်နိုင်ရေး အ·မ·က (မြို့မ တောင်ပိုင်း)ကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ဝိုင်းဝန်းပြုစု ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ်တက်ရောက်

**မြစ်ကြီးနား ဇူလိုင် ၈**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ၂၀၂၄ခုနှစ် ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ဇူလိုင် ၆ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့၊ ဇရာရပ်ကွက်၊ ကချင်ပြည်နယ် သမဝါယမဦးစီးဌာနရုံးရှိ ဆွတ်ဂျာအိန်ခန်းမတွင် ကျင်းပရာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးခက်ထိန်နန် ဦးဆောင်သည့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်ထွေးက အပြည်ပြည်ဆိုင်ရာ သမဝါယမအသင်းချုပ်မှ ပေးပို့သော သဝဏ်လွှာအား ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သမဝါယမလုပ်ငန်းများကို ထူးချွန်စွာ ကြိုးစားဆောင်ရွက်ခဲ့သော မိုးကောင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခိုင်မာသန်း၊ မြစ်ကြီးနားမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်၊ မိုးညှင်းမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်မိုးလွင်တို့အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ပေးအပ်ကာ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာမှ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် မောင်မိုင်းညီထက်အောင်အား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုလက်မှတ်ချီးမြှင့်ခြင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် Video Clip ပြသရာ တက်ရောက်လာသူများက အားပေး ကြည့်ရှုခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တာဝန်ရှိသူများနှင့်အတူ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ခဲ့ပြီး (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားသို့ ကချင်ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးလှမြင့်နှင့် ပြည်နယ်ခရိုင် သမဝါယမအသင်းစုများမှ တာဝန်ရှိသူများ၊ သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ အင်အား ၁၅၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၄၄)**



# တိုင်းရင်းသားပြည်သူများ၏ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက် အဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်ပေးသွားမည်

**မင်းဘူး ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များ၌ တိုင်းရင်းသားပြည်သူများ၏ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် စာကြည့်တိုက်ဆောက်အအုံအသစ်များကို တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံအသစ်များတိုးချဲ့ဆောက်လုပ်ပေးနိုင်ရေး၊ ရှိပြီးသား စာကြည့်တိုက်များအတွက် ပရိဘောဂ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် သုတ၊ ရသ စာအုပ်စာပေများ လှူဒါန်းပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၄ ရက် နေ့လယ်ပိုင်းက မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး (၄)ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးသို့ စာကြည့်တိုက်များ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး ဦးထွန်းထွန်းဝင်းနှင့်အဖွဲ့ဝင်များ တက်ရောက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များအား ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရနှင့်ပြည်သူများမှ စုပေါင်းလှူဒါန်းငွေဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားပြည်သူများ၏ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာကြည့်တိုက် အဆောက်အအုံအသစ်များ တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ရှိပြီးသား စာကြည့်တိုက်များအတွက် ပရိဘောဂ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းနှင့် သုတ၊ ရသ စာအုပ်စာပေများ လှူဒါန်းပေးခြင်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမောင်မောင်ကျော်က ရှင်းပြသည်။ **(အောက်ပုံ)**

ယခုအခါ မင်းဘူးခရိုင် အတွင်း၌ တိုင်းရင်းသားပြည်သူများ၏ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်လည်ဖွင့်လှစ်မည့် စာကြည့်တိုက်များအတွက် တစ်တိုက်လျှင် ထောက်ပံ့ငွေကျပ်သိန်း ၅၀ ဖြင့် မင်းဘူး(စကု)မြို့နယ် ထိန်တောကျေးရွာမှ ပန်းပျိုးခင်း စာကြည့်တိုက်၊ လက်ခုပ်ပင်ကျေးရွာမှ ကမ္ဘာ့ရွာ စာကြည့်တိုက်၊ ပွင့်ဖြူမြို့နယ် ကျွဲတိကျေးရွာမှ မုတ်သုံဦး စာကြည့်တိုက်တို့ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများမှ စုပေါင်းလှူဒါန်းငွေဖြင့် စာကြည့်တိုက် တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် အသစ်တိုးချဲ့ဆောက်လုပ်မည့် စာကြည့်တိုက်များမှာ မင်းဘူး(စကု)မြို့နယ်၌ ပင်လယ်သက်ကျေးရွာနှင့် ပေါက်ငူကျေးရွာ၊ ပွင့်ဖြူမြို့နယ်၌ လယ်ကိုင်းမြို့ ဟောင်းနှင့် ကျောင်းတော်ရာ စုစုပေါင်းစာကြည့်တိုက် လေးတိုက်ကို ယခုနှစ်အတွင်း အသစ်တိုးချဲ့ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်ပြီး မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များ၌ ရှိပြီးသား စာကြည့်တိုက် ၂၈ တိုက် အတွက် သုတ၊ ရသ စာအုပ်စာပေများကိုလည်း လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း အဆိုပါ ဦးစီးဌာနမှ သိရသည်။ **(၅၀၀)**



# မြေသားလမ်းအား ကတ္တရာလမ်းမအဖြစ် ခင်းကျင်း

**ပင်းတယ ဇူလိုင် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ မြို့ပေါ် ပြည်တော်သာရပ်ကွက် မြေသားလမ်းမအား (အရှည် ၄၆၅ ပေ၊ အကျယ် ၁၄ ပေ)ကတ္တရာလမ်းမအဖြစ် ခင်းကျင်းပေးလျက်ရှိသည်။

အဆိုပါကတ္တရာလမ်းမအဖြစ် ခင်းကျင်းပေးခြင်း လုပ်ငန်းအား ရှမ်းပြည်နယ် စည်ပင်သာယာရေး ရန်ပုံငွေ ၁၉ ဒသမ ၈ သန်း ထောက်ပံ့ငွေဖြင့် မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူဝင်း၏ ညွှန်ကြားပေးမှုဖြင့် အငယ်တန်းအင်ဂျင်နီယာ ဒေါ်မြင့်မြင့်မူက စည်ပင်သာယာရေးဦးစီးဌာန လမ်းခင်းအလုပ်သမားများနှင့်အတူ ဇွန်လ တတိယပတ်မှ စတင်၍ ဦးဆောင်ခင်းကျင်းပေးလျက်ရှိရာ ဇူလိုင်လ ပထမပတ်တွင် အောင်မြင်အောင် ခင်းကျင်းပေးလျက်ရှိသည်။

ဓနုဒေသ ပင်းတယမြို့၏ ရှေးဟောင်းသမိုင်းဝင် ရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရားကြီးသို့ ဘုရားဖူးလာပြည်သူများ ဖြတ်သန်းသွားလာကြသည့်အတွက် မြေသားလမ်းအား ယခုကဲ့သို့ ကတ္တရာလမ်းမအဖြစ် ခင်းကျင်းပေးခြင်းဖြစ်ကြောင်း သိရသည်။

**(၃၃၈)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ
လေ့လာစို့။



# မိုးစပါးလျာထားဧက (၂၄၈၆၀) စိုက်ပျိုးသွားမည်

**နတ်မောက် ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မိုးစပါးလျာထားဧက ၂၄၈၆၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။ **(အပေါ်ပုံ)**

နတ်မောက်မြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ မိုးစပါးစိုက်ပျိုးရန် (၂၄၈၆၀)ဧက လျာထားပြီး စပါးစိုက်တောင်သူများ မိုးစပါး စိုက်ပျိုးရာသီတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် လိုအပ်သောစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ သွင်းအားစုပစ္စည်းများနှင့် သီးနှံမျိုးစေ့များ ပံ့ပိုးပေးလျက်ရှိပြီး ပိုးမွှား ရောဂါများ ကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများကိုလည်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန၊ မြို့နယ်လယ်စီအဖွဲ့ဝင်များနှင့် မိုးစပါး စိုက်တောင်သူများ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်သည်။

နတ်မောက်မြို့နယ်တွင် မိုးစပါးစိုက်ပျိုးရာ၌ စပါးမျိုးများဖြစ်သည့် မနောသုခ၊ ဆင်းသုခ၊ ဧရာမင်း၊ ရတနာတိုး၊ ဆာဖိုးသာ၊ ရွှေအာဆီယံစပါးမျိုးများကို စိုက်ပျိုးမည်ဖြစ်ပြီး အောင်မြင်ဖြစ်ထွန်း၍ တစ်ဧကပန်းတိုင်အထွက်နှုန်းကောင်းမွန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် စံကွက်များ၊စမ်းသပ်ကွက်များစိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူထံက သိရသည်။ **မှုမှုစန်း**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး Talk Show ကျင်းပ

**မိုင်းယောင်း ဇူလိုင် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ်တွင် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပရာ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်နှင့် ရပ်သံကျွမ်းကျင် (၃)ဒေါ်နန်းစီဖေါင်းတို့က "ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်း ကြိုးပမ်း" အကြောင်းကို ဆွေးနွေးကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာများကို ဆွေးနွေးသည်။

ထို့နောက် ရုပ်သံကျွမ်းကျင် (၃)ဒေါ်နန်းစီဖေါင်းက ကလေးအလုပ်သမား အကာအကွယ်ပေးရေး ဥပဒေစည်းကမ်းများကို လိုက်နာပြီး ကလေးအလုပ်သမား ပပျောက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်း ဆောင်ရွက်နေရမည် ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)**

**ထွန်းမြင့်လှိုင်**




# သွေးလွန်တုပ်ကွေးအန္တရာယ်ကင်းဝေးစေရေး ကျောင်းဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်

**ရေနံချောင်း ဇူလိုင် ၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ကျောင်းများ သန့်ရှင်းသာယာ လှပစေရေး၊ မိုးရာသီတွင် ဖြစ်ပွားတတ်သည့် သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ် ကင်းဝေးစေရေး၊ ကျောင်းဝင်းကျောင်းပြင် သန့်ရှင်းသာယာလှပစေရေး ရည်ရွယ်ပြီး ဌာနဆိုင်ရာများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို ရေနံချောင်းမြို့ အထက(၁)ကျောင်းတွင် ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ သာယာလှပစေရေး စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပေါင်းမြက်နုပ်ခြင်း၊ရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်များအား အမှိုက်ကားဖြင့် စနစ်တကျစွန့်ပစ်ခြင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)(၄၇၂)**



# ရေဘေးသင့် အိမ်ထောင်စုများအား ကူညီရွှေ့ပြောင်းပေး

**မန္တလေး ဇူလိုင် ၈**

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင် ၇ရက်က စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်မှုကြောင့် ခန္တီးမြို့ အနိမ့်ပိုင်း မြို့မရပ်ကွက်၊ ပေါ့မိုင်ရပ်ကွက်၊ ဇီးဖြူကုန်းကျေးရွာတို့တွင်လည်းကောင်း၊ ဟုမ္မလင်းမြို့ မြေနိမ့်ပိုင်းရပ်ကွက်အိမ်ထောင်စုများအား ခန္တီးခရိုင်နှင့်မြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ဒေသခံလူမှုကူညီရေးအသင်းများ ပူးပေါင်း၍ ရေဘေး လွတ်ရာသို့ကူညီ ရွှေ့ပြောင်းပေးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး၊ကလေးခရိုင်၊ကလေးဝမြို့တွင် ဇူလိုင်၇ရက်က ချင်းတွင်းမြစ်ရေနှင့်မြစ်သာမြစ်ရေ မြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရှိ အမှတ်(၁)ရပ်ကွက်၊အမှတ်(၂)ရပ်ကွက်နှင့် မြစ်ကမ်းနေရာများရှိ အိမ်ထောင်စုဝင်များအား ကလေးဝမြို့နယ်မီးသတ်စခန်းမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**(ဝ၄၅)**



ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ကျောင်းသွားကြစို့

- မထွေးငယ် မထွေးငယ်
  ကျောင်းသူလေးပေါ့ကွယ် ။
- ချစ်စဖွယ် မျက်နှာထား
  ချစ်သူ ခင်သူများ ။
- စကားပြောလည်း ချိုသာတယ်
  သကာပျားပုံနယ် ။
- ပြုံး ရယ် ရွှင်ပျ အမြဲလှ
  အပြစ်ကင်းစင်ပ ။
- သနပ်ခါးလေး လိမ်းလို့ရယ်
  ဖြူ စိမ်း ဝတ်လို့ကွယ်
- သွားကြမယ်ကွဲ့ သူငယ်ချင်းတို့
  ကျောင်းတော်ကြီးဆီသို့ ။ ။

မောင်မိုးဝင်း (မန္တလေး)



## သတင်းပဒေသာ

### ဆေးတိုက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ တပင်ရွှေထီးရပ်ကွက်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးစမှ(၂)နှစ်အောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ ဆေးတိုက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်၌ ဇူလိုင် ၆ ရက်တွင် ကျရောက်ခဲ့သည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် 'ပစ်တိုင်းထောင်' အထွေထွေစီးပွားရေးလုပ်ငန်းနှင့် ငွေစုငွေချေးသမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက JA စားသောက်ဆိုင် အပေါ်ထပ်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး (Booster Dose) ထိုးနှံပေးခြင်းကို ယမန်နေ့နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် ကျန်းမာရေးဝန်ထမ်းများက ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကလေးငယ်များအား လစဉ်ပုံမှန် ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ်တွင် မွေးကင်းစကလေးငယ်များ အပါအဝင် အသက်(၂)နှစ်အောက်ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ ကျိုင်းဟင်ရပ်ကွက်အတွင်းရှိ မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနရုံးတွင် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ကမ်းဘေးရှိနေအိမ်များသို့ သွားရောက်၍ အသိပညာပေး နှိုးဆော်

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင် ပြည်သူများ ရေဘေးအန္တရာယ်၊ မြေပြိုဘေးအန္တရာယ်များ ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို သိရှိစေရန်အတွက် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ယမန်နေ့နံနက် ၈ နာရီက ဂန့်ဂေါမြို့၊ မြစ်သာမြစ်ကမ်းဘေးရှိနေအိမ်များသို့ သွားရောက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လျှပ်စစ်ဓာတ်အား ဖြုန်းတီးမှုရှိ၊ မရှိ စစ်ဆေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများနှင့်ပါဝါမီတာသုံး ဆန်စက်၊ ဆီစက်များသို့ မီတာများ အသုံးပြုရာတွင် ကောင်း၊ မကောင်း လျှပ်စစ်ဓာတ်အား ဖြုန်းတီးမှုရှိ၊ မရှိအား မြို့နယ်လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်မှူး ဦးကျော်ဇင်ဝင်း ဦးဆောင်သော လျှပ်စစ်ဓါတ်အားခွဲရုံမှ ဝန်ထမ်းများတို့က ယမန်နေ့နံနက် ၁၀နာရီခွဲက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေး ချမ်းသာကြီးဆန်လှူအသင်း (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော် လောင်းလှူရေး အစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၈**

မန္တလေး၊ ကျက်သရေဆောင် ချမ်းသာကြီးဆန်လှူအသင်းကြီး၏ (၅၅)ကြိမ်မြောက် မဟာ တဏှာလဆွမ်းဆန်တော် လောင်းလှူရေးလုပ်ငန်းအစည်းအဝေးကို ဇူလိုင် ၇ ရက် မွန်းလွဲ ၁ နာရီက ရွှေပြည်သွန့် ဓမ္မာရုံကြီးအတွင်း၌ ကျင်းပသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်သည်။ အစီအစဉ်အရ အသင်းဥက္ကဋ္ဌ ဦးထွန်းက (၅၅)ကြိမ်မြောက် ဆွမ်းဆန်တော်အလှူခံရရှိမှု အခြေအနေနှင့် အသင်းကြီးမှ ထေရ်ကြီး၊ ဝါကြီးများနှင့် ဆွမ်းဆန်လိုအပ်လျက်ရှိသော စာသင်တိုက်ကြီးများသို့ အသင်း၏ ထာဝရငွေပဒေသာပင်မှ ငွေကျပ်သိန်း ၅၀၀ ကျော်ဖိုး ဝယ်ယူ၍ ကြိုတင်လောင်းလှူမှုကို ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ အသင်း၏ အထွေထွေအတွင်းရေးမှူး ဦးအောင်မင်းဆွေက မန္တလေးမြို့သူ၊ မြို့သားများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများ၏ သဒ္ဓါတရားဖြင့် လောင်းလှူမှုသည် အသင်းကြီးအတွက် အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း ယမန်နှစ်ကလိုပင် သံဃာတော် သုံးသောင်းကျော်ကို လောင်းလှူနိုင်မည့်အခြေအနေရှိကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ အသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အသင်း၏အကျိုးတော်ဆောင်များ စည်းလုံးညီညွတ်မှုကို အလေးထား ဆွေးနွေးသည်။ ဆက်လက်၍ အသင်း၏ သူဇာတာအမျိုးသမီးအဖွဲ့က လိုအပ်မှုမရှိအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ဆွေးနွေးကြသည်။

ချမ်းသာကြီး ဆန်လှူအသင်းကြီး၏ (၅၅)နှစ်မြောက် ဆွမ်းဆန်တော် လောင်းလှူပွဲကို အစဉ်အလာမပျက် လောင်းလှူပူဇော်မှုကို ဆောင်ရွက်ရန် ဆုံးဖြတ်ကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်ပြီးမြောက်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)(ဝ၉၁)**

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ ပေးအပ်

**မန္တလေး ဇူလိုင် ၈**

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကထိကဆရာတော် ဘဒ္ဒန္တကဝိဓဇ အရှင်မြတ်က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး ဖခင်ဦးပွင့်ကြည်၊ မိခင် ဒေါ်ကျင်ထွေးတို့အား ရည်စူး၍ မန္တလေးနေ ဦးဝင်းမြင့်+ဒေါ်ကြည်ကြည်ထွေး မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ် ၁၄ သိန်းဖြည့်စွက်လှူဒါန်းရာ ငွေကျပ် သိန်း ၂၀၊ စုစုပေါင်း ငွေကျပ် ၃၄ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဦးချစ်ထွန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော သံဃာတော်အရှင်မြတ်တို့အား နေ့ဆွမ်းဆက်ကပ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**



## ပြဟ္မစိုရ်လူမှုကူညီရေးအသင်း(မန္တလေး) ကျောက်ကပ်ဖောင်ဒေးရှင်းသို့ အလှူငွေ လှူဒါန်း

**မန္တလေး ဇူလိုင် ၈**

ဆင်းရဲနွမ်းပါးဝေဒနာရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေးအတွက် ချမ်းအေးသာစံမြို့နယ် ၆၂လမ်းရှိ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းဆေးခန်းတွင် အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန်များက ဆေးခန်းဖွင့်၍ ဗုဒ္ဓဟူး၊ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၈ နာရီမှ ၁၂နာရီအတွင်း ဆေးကုသပေးလျက်ရှိသည်။ အလားတူ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း ကျောက်ကပ်တုသွေးသန့်စင်ခြင်းဌာနမှလည်း ကျောက်ကပ်ဝေဒနာရှင်များအား ကျောက်ကပ်သွေးသန့်စင်ဆေးကြောပေးခြင်းကို နေ့စဉ် နံနက်ပိုင်းတွင် ၃၂ ဦး၊ မွန်းလွဲပိုင်းတွင် ၃၂ ဦး ဆောင်ရွက်ပေးလျက်ရှိသည်။

ဗြဟ္မစိုရ်လူမှုကူညီရေးအသင်း၊ ကျောက်ကပ်ဖောင်ဒေးရှင်း၊ ကျောက်ကပ်တုသွေးသန့်စင်ဌာနသို့ စေတနာအလှူရှင်များက အလှူငွေများလှူဒါန်းလျက်ရှိရာ ဇူလိုင် ၇ ရက်က မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ၇၇လမ်း၊ ၃၆လမ်းနှင့်၃၇လမ်းကြားနေ အဘိုး ဦးသူတော်၊ (ဖခင်) ဦးညွန့်လှိုင်အား အမှူးထား၍ မိခင် ဒေါ်တင်တင်လှ မွေးနေ့အလှူ ငွေကျပ်သိန်း ၁၀၀ ကိုလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဒေါက်တာငြိမ်းငြိမ်း၊ အတွင်းရေးမှူး ဦးမောင်မောင်တာနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်သည်။ ဗြဟ္မစိုရ်လူမှုကူညီရေးအသင်းသို့ အလှူငွေနှင့် ဆေးပစ္စည်းများ လှူဒါန်းလိုပါက အိမ်တိုင်ရာ ရောက်ကောက်ခံဆောင်ရွက်ပေးလျက်ရှိရာ ဖုန်း ၀၂-၄၀၃၉၁၄၃၊ ၀၂-၂၈၄၄၃၅၀ နှင့် မြန်မာ့စီးပွားရေးဘဏ် စာရင်းအမှတ် SF00 1683၊ KBZ ဘဏ် 04130 404 101481201၊ AYA ဘဏ် 2000036 1019 သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အောက်ပုံ)(ကဆ)**



# သဒ္ဒသင်္ဂဟ ပါဠိသဒ္ဒါကျမ်းကြီး၏ နိဒါန်းစာပေ

ပါမောက္ခ ဦးစိုးကျော်သူက စစ်ကိုင်းမဟာဂန္ဓာရုံစာစဉ်(၁၁)၊ သဒ္ဒသင်္ဂဟ ပါဠိသဒ္ဒါကျမ်းကြီး၏ နိဒါန်းစာပေ စာအုပ်လက်ဆောင်ပေးသည်။

စာအုပ်စာပေကို ချစ်မြတ်နိုး၍ ထိုစာအုပ်ကို ဖတ်ရှုကြည့်မိသည်။ စာအုပ်ကို ပြုစုဖော်ထုတ်သူက အရှင်ဝိဇ္ဇာနန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံချောင်၊ စစ်ကိုင်းတောင်ရိုးဖြစ်ပြီး ထိုကျမ်းကို မူလရေးသူမှာ မန္တလေးရတနာပုံခေတ်က ပညာရှိအမတ်ကြီး ယောအတွင်းဝန် ဦးဖိုးလှိုင်ဖြစ်သည်။ ကျမ်း၏အမည်မှာ သဒ္ဒသင်္ဂဟဗျာကရဏကျမ်းဖြစ်၍ မြန်မာသက္ကရာဇ် ၁၂၃၁-၁၂၃၅ ခုနှစ်အတွင်း ၅ နှစ်တိုင် စီရင်ရေးခဲ့သည်။ ထိုစာအုပ်မှာ ပုံမနှိပ်ခဲ့ရပါ။ ပါဠိစာပေ၊ ပါဠိဘာသာသဒ္ဒါကျမ်းတွင် ကွက်လပ်ဖြစ်ခဲ့သည်။ ယခုနှစ်တွင် စာအုပ်အဖြစ် ပေါ်ပေါက်ခဲ့ပါသည်။

**ပုံနှိပ်မှတ်တမ်း**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊

ကမ္ဘာအေးစာပုံနှိပ်တိုက်

ရန်ကုန်မြို့၌ ညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးက ပုံနှိပ်ထုတ်ဝေသည်။

**စာစဉ်မှတ်တမ်း**

စစ်ကိုင်း၊ မဟာဂန္ဓာရုံ စာစဉ်(၁၁)

**မာတိကာ**

**နိဒါန်း(ပထမပိုင်း)**

သဒ္ဒသင်္ဂဟ ရေးသားစီရင်ပုံ

**(ဒုတိယပိုင်း)**

- ပါဠိဘာသာသဒ္ဒါ ကျမ်းများမှာ-
- ပါဏိနီကျမ်းဖြစ်ပေါ်လာပုံ
- တိမုနိသတ္တအမည်ရ
- အဇ္ဈာယ (၈)ခု ရေးသားမှု

**သဒ္ဒသင်္ဂဟကျမ်း၏ ထူးခြားချက်များ**

**(တတိယပိုင်း)**

- ပါဏိနီ သဒ္ဒသင်္ဂဟနှင့်အဖွင့်မတူပုံ
- အဋ္ဌကထာအဖွင့် စသည်တို့နှင့် မတူသော ဖွင့်ပြချက်
- သက္ကတနှင့်ပါဠိတို့၏ အက္ခရာ အပြောင်းအလဲ
- ပဓါနကံ၊ အပဓါနကံအခွဲ
- ကတည္ဂု ကတဝေဒီပုဂ္ဂိုလ်များ
- ဦးဖိုးလှိုင်၏ အတ္ထုပ္ပတ္တိအကျဉ်း
- အရှင် ဝိဇ္ဇာနန္ဒာဘိဝံသ၏ အတ္ထုပ္ပတ္တိ အကျဉ်းဟူ၍ တွေ့ရသည်။

ယခုလက်ရှိ ပါဠိစာပေထဲ၌ ပါဠိဘာသာသဒ္ဒါကျမ်းများမှာ

၁။ ကစ္စာယန ဗျာကရဏ(AD-4-5)အိန္ဒိယ

၂။ မောဂ္ဂလာနဗျာကရဏ(AD-12)သီဟိုဠ်

၃။ သဒ္ဒနီတိဗျာကရဏ(AD-13)ပုဂံ-မြန်မာ (၃)ကျမ်းသာ တွေ့ရသည်။

ဖော်ပြပါ (၃)ကျမ်းအပြင် ယောအတွင်းဝန် ဦးဖိုးလှိုင်ရေးသားစီရင်ခဲ့သော သဒ္ဒသင်္ဂဟဗျာကရဏကျမ်းကိုပါဖြည့်စွက်ရမည်ဟု အရှင်ဝိဇ္ဇာနန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံချောင်၊ စစ်ကိုင်းတောင်ရိုးက ညွှန်းဆိုသည်။

**ဂျပန်နိုင်ငံမှာ ၃၁ နှစ်ကြာ**

သဒ္ဒသင်္ဂဟပါဠိသဒ္ဒါကျမ်းကြီး၏ နိဒါန်းစာပေ ရေးသားသော ဆရာတော်ဝိဇ္ဇာနန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၊ မဟာဂန္ဓာရုံချောင်၊ စစ်ကိုင်းတောင်ရိုးသည် ဂျပန်နိုင်ငံ၊ ကိတကျူရှူးမြို့၊ မိုဂျီကု-မေခရီ ဥယျာဉ်ကမ္ဘာအေးစေတီကျောင်းတိုက်မှာ ၂၅-၈-၁၉၉၁ ရက်မှ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ၂၃ ရက်အထိ နှစ်ပေါင်း ၃၁နှစ်ကျော်ကြာ ပြည်ပသာသနာပြုနေသည်။

အိအိချိခရိုင်၊ အန်ကျော်မြို့၊ ဂျိုကောအင်ကျောင်းတိုက်၌ ကျောင်းထိုင်ဖြစ်သော ထိုဒ-တဒရှိ အမည်ရှိသော ဂျပန်ဘုန်းတော်ကြီးသည် နှစ်စဉ် ဩဂုတ်လ ၂၅ ရက်မှ ၃၁ရက်အထိ တစ်ပတ်ကြာ ပါဠိသင်တန်းဖွင့်လှစ်ထားသဖြင့် ဂျပန်နိုင်ငံရှိ တက္ကသိုလ်နှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများ လာရောက်၍ ပညာကို တက်ရောက်သင်ယူကြပါသည်။

ဆရာတော် အရှင်ဝိဇ္ဇာနန္ဒာဘိဝံသကိုလည်း အထူးဆရာအဖြစ် ပင့်ဖိတ်ခံရ၍ တက်ရောက်ခဲ့သည်။ ဆရာတော်၏ တာဝန်က ၇ ရက်အတွင်း ၃ ရက်မှာတစ်နာရီ ကျောင်းသား၊ ကျောင်းသူများ ဗဟုသုတရရှိစေရန် ထေရဝါဒဗုဒ္ဓဘာသာကို ဂျပန်ဘာသာဖြင့် ဟောပြောရပါသည်။

သာဓက- မြန်မာနိုင်ငံအကြောင်း၊ မြန်မာနိုင်ငံ၏ ထေရဝါဒဗုဒ္ဓဘာသာအကြောင်း၊ ထေရဝါဒဗုဒ္ဓဘာသာစာပေအကြောင်း၊ ပိဋကတ်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့အကြောင်း၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာသမိုင်း၊ မြန်မာနိုင်ငံ၏ ပရိယတ္တိစာပေအကြောင်း စသည်တို့ကို တစ်နှစ်တစ်မျိုး ဟောပြောရသည့်အပြင် မြန်မာနိုင်ငံတွင် သင်ယူနေသည့် ပါဠိစာပေ၊ ပါဠိသဒ္ဒါကျမ်းအကြောင်းနှင့်တကွ ကစ္စာယန၊ မောဂ္ဂလာန၊ သဒ္ဒနီတိ၊ သဒ္ဒသင်္ဂဟသဒ္ဒါကျမ်းအကြောင်းတို့ကို ပြောပြပြီးနောက် ထိုသဒ္ဒါကျမ်းတို့တွင် သဒ္ဒသင်္ဂဟကျမ်းက မန္တလေးရတနာပုံခေတ်က ပေါ်ပေါက်၍ ယခုထိ ပေမူသာရှိပြီး စာအုပ်အဖြစ် မပေါ်ပေါက်သေးကြောင်း ပြောပြခဲ့ပါသည်။

**သဒ္ဒသင်္ဂဟကျမ်း ပေမူရှာပေးပါ။**

**ရောမအက္ခရာဖြင့် ပြန်ဆိုထုတ်စေလို**

ယင်းပါဠိသင်တန်းသို့ တက်ရောက်ကြသူတို့သည် အများအားဖြင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများဖြစ်၍ သူတို့၏ သက်ဆိုင်ရာကျောင်းမှာ အိန္ဒိယဖီလိုဆိုဖီ၊ အိန္ဒိယဘာသာစကား ဥပမာ-ပါဠိသက္ကတစသည်များကို သင်ယူနေကြသည်။

သူတို့သင်ယူပုံ၊ သင်ယူနည်းမှာ အနောက်တိုင်းသားပညာရှင်များက သူတို့၏ ဘာသာစကားနှင့် ကိုက်ညီအောင် စီရင်ထားသော ပါဠိသဒ္ဒါကျမ်းဖြစ်၍ အိန္ဒိယရှေးဟောင်းကျမ်းဖြစ်သော ကစ္စာယန၊ မောဂ္ဂလာနအပြင်၊ သဒ္ဒနီတိကျမ်းတို့ကို အမည်တောင်မသိ မကြားဖူးကြပါ။

သို့ဖြစ်ရာ ပါဠိသင်တန်းကို ဖွင့်လှစ်သောကျောင်းထိုင်ဘုန်းကြီး ထိုဒဆန်နှင့်အတူ လာရောက်၍ ပါဠိဘာသာသင်ကြားနေသော အိကေဒ၊ မဆတက ဆရာတို့သည် စာအုပ်အဖြစ်သို့ မပေါ်ပေါက်သေးသော နောက်ဆုံးပေါ် သဒ္ဒသင်္ဂဟကျမ်းကို စိတ်ဝင်စားကြသည်။ သို့ဖြစ်၍ ထိုသဒ္ဒသင်္ဂဟကျမ်းပေမူကို ရှာပေးပါ။ ကျွန်ုပ်တို့က ရောမအက္ခရာဖြင့် ပြန်ဆိုပြီး ပါဠိဘာသာ သဒ္ဒသင်္ဂဟကျမ်းကို ထုတ်ဝေပါမည်ဟု ဆိုလာပါသည်။ သူတို့က ပါဠိသဒ္ဒါကျမ်းအပေါ် စိတ်ဝင်စားကြပါသည်။

**လက်ဦးရအောင် ထုတ်ဝေချင်**

အိကေဒ၊ မဆတက ဆရာသည် ဆဋ္ဌသင်္ဂါယနာတင်ချိန်က မြန်မာနိုင်ငံသို့ လာရောက်၍ အရှင်နန္ဒဟူသော ဘွဲ့တော်ဖြင့် ရဟန်းပြု၍ ပါဠိစာပေ၊ မြန်မာဘာသာတို့ကို သင်ယူခဲ့ဖူးသည်။

ထိုဒတဒရှိ ဘုန်းတော်ကြီးကလည်း ကောမဇဝ တက္ကသိုလ်မှာ ပါဠိဘာသာ အဓိကဖြင့် ဘွဲ့ရထားသည့်အပြင် ဆရာတော် ဝေပုလ္လ(ပထမဆုံးကျောင်းထိုင်ဘုန်းကြီး)နှင့်အတူ သဂြိုဟ်ကျမ်းကို ဂျပန်ဘာသာဖြင့် ပြန်ဆိုဖူးသူတို့ဖြစ်ပါသည်။

သက္ကတစာပေသမိုင်းမှာ စန္ဒြဗျာကရဏကျမ်း (မောဂ္ဂလာန်၏ မှီရာ)ရှိခဲ့ပါသည်။ ထိုစန္ဒြဗျာကရဏကျမ်းသည် ရှေးက အိန္ဒိယ၊ သီဟိုဠ်တို့မှာ အသုံးပြုခဲ့ပါသော်လည်း ယခုပျောက်ကွယ်ခဲ့ရသည်။ ဘယ်မှာမှ ရှာမရဟု ဆိုကြပါသည်။

သို့သော်လည်း ယင်းစန္ဒြဗျာကရဏကို DR.BRUNO LIEBICH ဆိုသူ၊ ဂျာမန်ပါမောက္ခတစ်ယောက်သည် ဂျာမနီပြည်၊ လိုက်ပဆစ်မြို့မှာ ရောမအက္ခရာဖြင့် ၁၉၁၈ ခုနှစ်က ထုတ်ဝေလိုက်ပါသည်။ ယင်းကျမ်းကို အိန္ဒိယနိုင်ငံ၊ ပူနာမြို့၊ ဒက္ကန်တက္ကသိုလ်မှ ဒေဝ နာဂရီအက္ခရာဖြင့် ၁၉၅၅ ခုနှစ်က ထုတ်ဝေခဲ့သည်။ (HISTORY OF INDIAN LITERATURE )ဤကဲ့သို့ သမိုင်းကြောင်းဖြစ်ရပ်သိရှိသူတို့က လက်ဦးရအောင် ထုတ်ဝေချင်တာမျိုးဟု သိရသည်။

ဤသို့ နိုင်ငံခြားသားများက ပုံနှိပ်ထုတ်ဝေတော့မည်ဆိုတော့ မြန်မာနိုင်ငံသားဖြစ်သော မိမိက မြန်မာ့ရှေးဟောင်းစာပေကို မြန်မာအက္ခရာဖြင့် ထုတ်ဝေနိုင်အောင် မဖြစ်မနေကြိုးစားထုတ်ဝေမည်ဟု ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြစ်၍ ၂၀၀၀ ပြည့်နှစ်က မြန်မာနိုင်ငံသို့ ခေတ္တပြန်လာသည့်အခါ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်မှာ တည်းခိုပြီး ဟိုဟိုဒီဒီစုံစမ်းကြည့်ရာ အဘယာရာမ ကျောင်းတိုက် သာသနောဒယကျောင်းဆရာတော် ဦးသီလာနန္ဒာဘိဝံသကျောင်းမှာ ရှိသည်ဟု ကြားသိရ၍ ထိုကျောင်းတိုက်သို့ ကြွရောက်ရှာဖွေမေးမြန်းရာ ပေမူတော့မရှိ၊ ပေမူက ကူးယူထားသော လက်ရေးမူ စာအုပ်သာရှိသည်ဟု ပြောပြကြ၍ ထိုလက်ရေးမူ သဒ္ဒသင်္ဂဟကို ခေတ္တငှားကာ မိတ္တူကူးယူခဲ့ပါသည်။

ထို့နောက် ရန်ကုန်ပြန်ရောက်၍ မိမိတပည့် အရှင်မဏိသာရအား ယင်းသဒ္ဒသင်္ဂဟကျမ်းလက်ရေးမူကို ကွန်ပျူတာစာလုံးဖြင့် ရိုက်နှိပ်ပေးရန် ပြောရာ သူလည်း သိပ်မကျွမ်းကျင်ဆို၍ သူ့အား ကွန်ပျူတာတစ်လုံးဝယ်ယူပေးပြီး ရိုက်နှိပ်စေခဲ့သည်။ တစ်နှစ်ခွဲလောက်ကြာမှ ကွန်ပျူတာစာလုံးမူ ရရှိပါသည်။ ၂၀၀၃ ခုနှစ်တွင် ပြီးစီးရရှိပါသည်။

အဆိုပါ ကွန်ပျူတာစာမူသဒ္ဒသင်္ဂဟကျမ်းကို ထုတ်ဝေရန်အတွက် သက္ကတ၊ ပါဠိကျမ်းများနှင့် တိုက်ဆိုင်ရသည်။ ကျမ်းကိုးမစုံသေး၍ အိန္ဒိယနိုင်ငံသို့ နောက်ထပ်(၂)ခေါက် သွားရပါသည်။

**သဒ္ဒသင်္ဂဟ ရေးသားစီရင်ပုံ**

မန္တလေး ရတနာပုံခေတ်က ယောမင်းကြီး ဦးဖိုးလှိုင် ရေးသားသော သဒ္ဒသင်္ဂဟကျမ်းသည် ပါဏိနီအဖွင့် တစ်မျိုးဖြစ်သော သိဒ္ဓန္တကောမုဒီကို အခြေခံ၍ ရေးသားစီရင်ထားသော ကျမ်းဖြစ်သည်။

သန္ဓိ၊ နာမ်၊ ကာရက၊ သမာသ၊ တဒ္ဓိတ၊ အာချာတ၊ တိက၊ ဥဏာဒိဟူသော အစဉ်အတိုင်းရေးထားသည်။ ကစ္စည်းကျမ်းနှင့် ယဉ်ပါးလာသော မြန်မာရဟန်းတော်များအတွက် ကြည့်ရှုလို့လွယ်ကူပါသည်။

သဒ္ဒသင်္ဂဟကျမ်းကို ရေးသားရာတွင် သက္ကတသိဒ္ဓန္တကောမုဒီသုတ်တို့ကို နေရာအားလျော်စွာ ပါဠိဘာသာပြန်ဆို၍ ရေးသားထားသည်။ သို့သော် တိတ်ကဏ္ဍမှာတော့ မုဒ္ဓဗောဓကျမ်း အစီအရင်လည်း ပါရှိပါသည်။ သိဒ္ဓန္တကောမုဒီကို မှီးငြမ်းပြုသော ကျမ်းဖြစ်၍ ပါဠိသဒ္ဒါကျမ်းတို့တွင် မပါရှိသော ပ္လုတ၊ အန္တဋ္ဌ၊ ဝိရာမ၊ ဥဒ္တေ၊ ဥဒတ္တ၊ အနုဒတ္တ၊ သွရိတ စသည်များကိုလည်း ထည့်သွင်းဖော်ပြထားသည်။

ပါဏိနီသုတ်တို့ကို ပါဠိဘာသာသို့ ပြန်ဆို၍ စီရင်ရေးသားထားသည့်အတွက် ပါဠိဘာသာ၊ သဒ္ဒါသာမက၊ သက္ကတပါဏိနီကိုပါ လေ့လာချင်သူတို့အတွက် သဒ္ဒသင်္ဂဟသည် အထောက်အကူ ဖြစ်ပါသည်။




သုတ်တိုင်း၏ အဆုံးမှာ ပါဏိနီသုတ်၏ နံပါတ်များကို ထည့်သွင်းထား၍ ယင်းသဒ္ဒသင်္ဂဟသုတ်နှင့် သက်ဆိုင်ရာ ပါဏိနီသိဒ္ဓန္တကောမုဒီသုတ်ကို သုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ်တို့နှင့်တကွ လေ့လာနိုင်းယှဉ်နိုင်ပါသည်။ ထို့ပြင် နောက်ဆက်တွဲကျမ်းညွှန်းမှာလည်းပါရှိ၍ ထိုပါဏိနီသုတ်နှင့် သက်ဆိုင်သော သဒ္ဒသင်္ဂဟသုတ်၊ ဝုတ္တိ၊ ဥဒါဟရဏ်တို့ကို လေ့လာနှိုင်းယှဉ်ကြည့်ရှုနိုင်ပါသည်။

သဒ္ဒသင်္ဂဟ-စီရင်ထားပုံမှာ သန္ဓိ-၁၁၉ သုတ်၊ နာမ်-၃၃၉ သုတ်၊ ကာရက-၁၉၆၊ သမာသ-၃၉၂၊ တဒ္ဓိတ-၁၀၀၂၊ အာချာတ-၃၀၃၊ တိတ်-၃၈၇၊ ဥဏာဒိ-၄၄၃၊ အားလုံး-၃၂၅၁ သုတ်ပါရှိသည်။

သို့ဖြစ်၍ သုတ်ပေါင်း ၄၀၀၀ နီးနီးဖြစ်သည်။ ကျယ်ဝန်းလှသည်ဆိုသည့် သဒ္ဒနီတိ ၁၃၄၆ ထက် နှစ်ဆခွဲလောက် ကျယ်ဝန်းပါသည်။

အားလုံးကို ခြုံငုံ၍ ပြောဆိုရလျှင် မန္တလေးရတနာပုံနေပြည်တော် ခေတ်ပညာရှိစာဆိုတော် ဦးဖိုးလှိုင် ပြုစုခဲ့သော သဒ္ဒသင်္ဂဟ ပါဠိသဒ္ဒါကျမ်းကြီး၏ နိဒါန်းစာပေပြုစုသူ ဆရာတော်အရှင်ဝိဇ္ဇာနန္ဒာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာဂန္ဓာရုံချောင် စစ်ကိုင်းတောင်ရိုး၏ရှာဖွေဖော်ထုတ်ပြုစုချက်ကြောင့် ဗုဒ္ဓဘာသာစာပေတွင် ကွက်လပ်ဖြစ်နေသော ပါဠိဘာသာသဒ္ဒါကျမ်းကြီးကို လေ့လာသိရှိရ၍ ပီတိသုခခံစားရပါသည်။ ဦးခိုက်ကြည်ညိုမိပါသည်။

ဦးဖိုးလှိုင်သည် နိုင်ငံတော်၏ အရေးကြီးသော တာဝန်များကို ထမ်းဆောင်နေသည့်ကြားမှ ဤသဒ္ဒသင်္ဂဟကျမ်းကို ၅ နှစ်တိုင်တိုင် အချိန်ယူ၍ ရေးသားစီရင်ခဲ့သောကြောင့် စာဆိုတော်၏ စာပေဂုဏ်ရည်ကို ကြည်ညိုဦးခိုက်ပူဇော်ထိုက်ပါသည်။

စာအုပ်ကောင်းများ ရှာဖွေစုဆောင်းပြီး လက်ဆောင်ပေးသော မန္တလေးမြို့၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဗုဒ္ဓဒေသနာပြန့်ပွားရေးဌာန၊ ပါမောက္ခ ဦးစိုးကျော်သူကိုလည်း ဤဆောင်းပါးဖြင့် ကျေးဇူးဆပ်ဂုဏ်ပြုမှတ်တမ်းတင်ပါသည်။

သဒ္ဒသင်္ဂဟပါဠိသဒ္ဒါကျမ်းကြီး၏ နိဒါန်းစာပေစာအုပ်မှာ အိမ်တိုင်းရှိ စာအုပ်စင်များတွင် စုဆောင်းထားရှိသင့်သော စာအုပ်ဟူ၍ ဖော်ပြချင်ပါသည်။

**မောင်သန်း(မဟာဝိဇ္ဇာ)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၁၆၀)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧကရှိ ဒေါ်တင်ဇာထွေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၇၀/၂၀၂၄)အရ တရားဝင်လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးတင့်လွင် (၁/မညန(နိုင်)၀၇၄၆၂၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ ပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်လှိုင်ဌေး (B.A, PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower၊ မြေညီထပ်၊ ၆၄(B)လမ်း၊ ၃၈လမ်းနှင့်၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph: 09-402550551, 09-426806829, 09-259033873**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၁၇၆)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဦးကျော်မြင့် (MGN-160459) အမည်ဖြင့် ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်၊ နိုတြီအထွေထွေကိုယ်စားလှယ်လွှဲအပ်စာအဆက်ဆက်ဖြင့် လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးတင်စိုး(၉/မနတ(နိုင်)၀၀၉၃၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ ပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်လှိုင်ဌေး (B.A, PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower၊ မြေညီထပ်၊ ၆၄(B)လမ်း၊ ၃၈လမ်းနှင့်၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph: 09-402550551, 09-426806829, 09-259033873**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၁၆၁)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)ဧကရှိ ဒေါ်တင်ဇာထွေး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၂၆၉/၂၀၂၄)အရ တရားဝင်လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်သူဟု အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးရန်အောင်(၉/မနမ(နိုင်)၀၉၁၁၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများ ပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်လှိုင်ဌေး (B.A, PGDL)**
**အထက်တန်းရှေ့နေ**
**65 Tower၊ မြေညီထပ်၊ ၆၄(B)လမ်း၊ ၃၈လမ်းနှင့်၃၉လမ်းကြား၊ မဟာမြိုင်(၁)ရပ်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**Ph: 09-402550551, 09-426806829, 09-259033873**

## မွေးအဖြစ်မှ စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးပျော်ဘွယ်အရှေ့၊ အကွက်(၂၅၆)နေ အဘ(ဦးဇော်ဝင်း)၏ သား၊ ဒေါ်မမကြီး၏မွေးဖြစ်သူ မောင်အောင်မျိုးမြတ် မှတ်ပုံတင်(၁/မကတ(နိုင်) ၁၀၂၀၆၁)ကိုင်ဆောင်သူသည် လူကြီးများ၏ ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းအား မွေးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ပါကြောင်း။

**ဒေါ်မမကြီး**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၄၇)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ (၀ ဒသမ ၀၃၉၆)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးထွန်းထွန်းဦး(ဘ)ဦးရီ(၉/အမဇ(နိုင်) ၀၁၁၉၂၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥူမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## " အများသိစေရန်ကြေညာခြင်း "

**စစ်ကိုင်းတိုင်းဒေသကြီး ၊ ရွှေဘိုခရိုင် ၊ ဝက်လက်မြို့နယ် ၊ စိုင်နိုင်ကြီးကျေးရွာအုပ်စု ၊ အကွက်အမှတ် (၃၁၂၆/စိုင်နိုင်တောင်မြောက်)၊ ဦးပိုင်အမှတ်(၃၂ + ၃၃/၂ + ၅၄/၁)၊ ဧရိယာ ( ၀.၈၄ + ၀.၀၆ + ၀.၈၃ ) ဧက ၊ စုစုပေါင်းဧရိယာ (၁.၇၃)ဧက အကျယ်အဝန်းရှိ ဦးမြင့်ဦး အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သံပရိန်စက်ရုံ (၁) ထပ် အဆောက်အဦး ၊ နံကပ် (၁) ထပ် အဆောက်အဦး ၊ 200 KV ထရန်စဖော်မာ (၁)လုံး၊ တန်(၄၀)ရှိ ဆန်စက်(၁)လုံး ၊ ဆန်စက်နှင့် ဆက်စပ်ပစ္စည်းအစုံ ၊ ဆန်ချွေးစက် (၁) လုံး ၊ ဝင်းခြံအကာအရံ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်များအားလုံးတို့ကို လက်ရှိတရားဝင် အမွေဆက်ခံပိုင်ဆိုင်ထားပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ-ဒေါ်ရီရီဝင်း(ဘ)ဦးတင်လှိုင် ( ၅/ရဘန(နိုင်) ၁၂၇၇၃၄) ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ရောင်းကြေးစရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။**

**အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထား (မူရင်း) များဖြင့် ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိုပြီးစီးသည်အထိ ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။**

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

(ရှေ့နေဦးစင်မောင်ဝင်း ) B.A, H.G.P, RL(II), DBL ၏တပည့်များ

ဦးစိုင်းဝဏ္ဏ (LL.B) ဦးသူရလင်း (LL.B)
(တရားလွှတ်တော်ရှေ့နေများ)

**UKMW - LAW FIRM**

အကွက်(၇၇၅) ၊ ၂၈-လမ်း × လမ်း-၇၀ ထောင့် ၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း-၀၉-၂၀၀၅၀၆၂ ၊ ၀၉-၅၉၁၁၁၈၇၁ ၊ ၀၉-၉၇၀၀၇၇၇၄၉

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ကြော့နွယ်ခင်ရပ်ကွက်၊ အကွက်အမှတ်(၆၇၅)၊ ဦးပိုင်အမှတ်(၅၃-ခ)၊ ဧရိယာ(၀ ဒသမ ၀၃၀၅)ဧက အကျယ်အဝန်းရှိသော ဒေါ်ရွှေဝင်ခက်(ပါ-၃) အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အာရ်စီ(၄)ထပ် အဆောက်အအုံ၊ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့် အပါအဝင်)သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို(၂၄-၆-၂၀၂၁)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်ပါဝါ အမှတ်(၁၉၄၄/၂၀၂၁)အရ တရားဝင် ဝယ်ယူပိုင်ဆိုင်သူ ဦးစိုးပိုင်(ဘ)ဦးစိုးတင့်(၉/မရတ(နိုင်)၀၆၆၈၁၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း ➤ 02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer.khinninisoe@gmail.com**

# ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၈

နိုင်ငံတော်၏သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ သစ်ပင်၊ သစ်တောများ မပြုန်းတီးစေရန်၊ ရာသီဥတုကို မျှတကောင်းမွန်စေပြီး ဇီဝမျိုးစုံမျိုးကွဲများ တိုးပွားစေရန်နှင့် ရေမြေတောတောင်သဘာဝကို ထိန်းသိမ်းကာကွယ်စေရန် ရည်ရွယ်၍ ပြည်ထဲရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း မြေနေရာ၌ ကျင်းပသည်။

**တက်ရောက်စိုက်ပျိုး**

သစ်ပင်စိုက်ပျိုးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်စိုက်ပျိုးကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ် သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်နှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့/ဦးစီးဌာနများမှ အရာရှိကြီးများနှင့်ဇနီးများ၊ တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့သည် တာဝန်ရှိသူများနှင့်အတူ တပ်ဖွဲ့ဝင်/ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**စုပေါင်းစိုက်ပျိုး**

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့် အပင်စုစုပေါင်း ၁၀၀၀ ကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခဲ့ပြီး တစ်နိုင်ငံလုံးအနေဖြင့် ၃၂၆၃၉ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ယခု ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ပန်းမဲဇလီ စုစုပေါင်းအပင် ၁၀၀၀ကို စိုက်ပျိုးခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ဦးစီးဌာနများ၏ ရုံးချုပ်များနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ ရတနာတန်းဝင်အပင်များ၊ အရိပ်ရ လေကာပင်များ၊ သီးပင်စားပင် စုစုပေါင်း ၃၁၃၀၅ ပင် စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွင်း စုစုပေါင်း အပင် ၆၃၉၄၄ ပင် စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi နှင့်အတူ ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (UNOCHA)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid တို့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်





# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း AHA Centre မှ အမှုဆောင်ဒါရိုက်တာနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် AHA Centre အမှုဆောင်ဒါရိုက်တာ Mr. Lee Yam Ming ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အာဆီယံ AHA Centre မှတစ်ဆင့် မြန်မာနိုင်ငံသို့ လူသားချင်းစာနာမှုအကူအညီ Phase.2 ပေးအပ်ရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများ၊ ယမန်နှစ်က မိုခါမုန်တိုင်းတုံ့ပြန်ရေးတွင် အာဆီယံ ERAT အဖွဲ့၏ ဘေးအန္တရာယ်ဆန်းစစ်ချက် ဆောင်ရွက်ခဲ့မှုများနှင့် AHA Centre က ဖွင့်လှစ်ပေးနေသော စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းဆိုင်ရာ ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ အရာထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်တွင် နိုင်ငံတကာနှစ်သစ်ကူးနေ့နှင့် တရုတ်နှစ်သစ်ကူးနေ့တို့ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် ပါဝင်လာ

နေပြည်တော် ဇူလိုင် ၈

မြန်မာနိုင်ငံတွင် ပြက္ခဒိန်နှစ်တစ်နှစ်၏ အများပြည်သူ အလုပ်ပိတ်ရက်များအဖြစ် ဘာသာရေးဆိုင်ရာ နေ့ထူးနေ့မြတ်များ၊ နိုင်ငံတော်၏ ထူးခြားသမိုင်းဝင်သည့်နေ့ရက်များ၊ မြန်မာနှစ်သစ်ကူးနေ့ရက်များ၊ ကရင်နှစ်သစ်ကူးနေ့ရက်များကို နှစ်စဉ်ပြက္ခဒိန်နှစ်တစ်နှစ်မစတင်မီ နိုင်ငံတော်အစိုးရက ကြိုတင်ထုတ်ပြန်ပေးရပြီး ၂၀၂၅ ခုနှစ် ပြက္ခဒိန်နှစ်အတွက် အများပြည်သူအလုပ်ပိတ်ရက်များကို ထုတ်ပြန်ပြီးဖြစ်ကြောင်း သိရသည်။

ထိုသို့ ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာမိသားစုဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံအများစုတွင် အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်သည့် ဇန်နဝါရီ ၁ ရက် နိုင်ငံတကာနှစ်သစ်ကူးနေ့အား အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားသည်။

ထို့အပြင် တရုတ်နှစ်သစ်ကူးနေ့ကိုလည်း ဒေသတွင်း အခြားအာဆီယံနိုင်ငံများကဲ့သို့ လည်းကောင်း၊ အချို့သော ကမ္ဘာ့နိုင်ငံများကဲ့သို့လည်းကောင်း၊ အိမ်နီးချင်းမိတ်ဖက်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေသည့် အနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ၏ အများပြည်သူအလုပ်ပိတ်ရက်အဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

သတင်းစဉ်

၀-၀-၀-၀-၀